

MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

## မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေး
## အများပိုင်ကုမ္ပဏီလီမိတက်(MAGDPL)

# ဖွဲ့စည်းပုံ
# အခြေခံစည်းမျဉ်း

၂၀၂၄ ခုနှစ်၊ ဧပြီလ

# မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အဓိပ္ပာယ်ဖော်ပြချက်များ | ၁ |
| ၂။ | နိဒါန်းအချက်အလက်များ | ၅ |
| ၃။ | အစုရှယ်ယာမတည်ငွေရင်း | ၈ |
| ၄။ | အစုရှယ်ယာလက်မှတ်များ | ၁၁ |
| ၅။ | အစုရှယ်ယာလွှဲပြောင်းခြင်း | ၁၃ |
| ၆။ | အစုရှယ်ယာများတစ်ဆင့်ခံလွှဲပြောင်းခြင်း | ၁၅ |
| ၇။ | မတည်ငွေရင်းပြောင်းလဲပြင်ဆင်ခြင်း | ၁၇ |
| ၈။ | နိုင်ငံခြားသားအစုရှင်များ | ၁၈ |
| ၉။ | အခွင့်အရေးနှင့် ကန့်သတ်မှုများကို ပြောင်းလဲခြင်းနှင့် ပယ်ဖျက်ခြင်း | ၁၉ |
| ၁၀။ | အထွေထွေအစည်းအဝေးများ | ၂၀ |
| ၁၁။ | အထွေထွေအစည်းအဝေးကြီးများတွင်ဆောင်ရွက်ချက်များ | ၂၂ |
| ၁၂။ | မဲပေးခြင်း | ၂၇ |
| ၁၃။ | ပေါင်းနှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်နိုင်သည့် အခွင့်အာဏာ | ၃၀ |
| ၁၄။ | ကိုယ်စားလှယ်များ | ၃၂ |
| ၁၅။ | ဘုတ်အဖွဲ့ | ၃၃ |
| ၁၆။ | ဘုတ်အဖွဲ့၏ ပဋိညာဉ်စာချုပ် | ၃၉ |
| ၁၇။ | ဘုတ်အဖွဲ့၏ အခွင့်အာဏာများ | ၄၁ |
| ၁၈။ | ဘုတ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခြင်း | ၄၃ |
| ၁၉။ | အတွင်းရေးမှူး | ၄၇ |
| ၂၀။ | ရုံးတံဆိပ်တုံး | ၄၈ |
| ၂၁။ | ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်း | ၄၉ |
| ၂၂။ | အမြတ်ဝေစုများ၊ သီသန့်ရံပုံငွေနှင့်အခြားခွဲဝေခြင်းများ | ၅၁ |
| ၂၃။ | ဖျက်သိမ်းခြင်း | ၅၄ |
| ၂၄။ | ထိန်းသိမ်းထားရှိရမည့် အစည်းအဝေးမှတ်တမ်းနှင့် မှတ်ပုံတင်စာရင်းများ | ၅၅ |
| ၂၅။ | မှတ်တမ်းမှတ်ရာများကို ကြည့်ရှုစစ်ဆေးခြင်း | ၅၆ |
| ၂၆။ | အကြောင်းကြားခြင်း (နို့တစ်စာများ) | ၅၇ |
| ၂၇။ | လျော်ကြေး | ၅၉ |

## အခန်း (၁)

## အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အခြားနည်း လိုအပ်ခြင်းမရှိက၊ အပိုဒ် ၂ ကို လိုက်နာလျက် အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုရမည်။

(က) ==ဥပဒေ++ ဆိုသည်မှာ ၂၀၁၇ခုနှစ်၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ကိုဆိုလိုသည်။

(ခ) ==ဒါရိုက်တာ++ ဆိုသည်မှာ ဘုတ်အဖွဲ့တွင် တည်ဆဲကုမ္ပဏီ၏ ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်းများနှင့်အညီ ခန့်အပ်ထားပြီးလျှင် အနည်းဆုံး အစုရှယ်ယာ ပိုင်ဆိုင်မှု အရည်အချင်း ပြည့်မီသူ (သို့မဟုတ်) အရည်အချင်း ပြည့်မီသူအား ကိုယ်စားပြုသူ ဒါရိုက်တာများကို ဆိုလိုသည်။

(ဂ) ==ဘုတ်အဖွဲ့++ ဆိုသည်မှာ ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ကို ဆိုလိုသည်။

(ဃ) ==ယာယီကိုယ်စားပြုဒါရိုက်တာ (Alternate Director)++ ဆိုသည်မှာ လက်ရှိ ဒါရိုက်တာ တစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေး မတက်ရောက်နိုင်သည့်အခါတွင် ၎င်း၏ကိုယ်စား ထိုကင်းကွာနေသည့်အချိန်တွင်သာ တက်ရောက်နိုင်ရန် ခန့်အပ်ထားသူကို ဆိုလိုသည်။ ၎င်းသည် မူလဒါရိုက်တာများနည်းတူ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ ရှိစေရမည်။

(င) ==လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဒါရိုက်တာများ++ ဆိုသည်မှာ ကုမ္ပဏီနှင့် ဆက်နွယ် ပတ်သက်နေသောသူများ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်နှင့် အစုရှယ်ယာ ပိုင်ဆိုင်ရန် မလိုအပ်ဘဲ ကုမ္ပဏီနှင့် ဆက်နွယ်သော အကျိုးစီးပွား လုပ်ငန်းများနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပတ်သက်မှုမရှိသည့် ပုဂ္ဂိုလ်များကို ဘုတ်အဖွဲ့မှ အဆိုပြု၍ ပါဝင်သူ အစုရှင်များက အတည်ပြုခန့်အပ်ထားသည့် လွတ်လပ်စွာ ဆောင်ရွက်နိုင်သည့် ဒါရိုက်တာများကို ဆိုလိုသည်။ ၎င်းတို့သည် အခြားဒါရိုက်တာများနည်းတူ တာဝန်ဝတ္တရားများနှင့် လုပ်ပိုင်ခွင့်များ ရှိစေရမည်။

(စ) ==ဥက္ကဋ္ဌ++ ဆိုသည်မှာ အထွေထွေအစည်းအဝေးတစ်ခု (သို့မဟုတ်) ဘုတ်အဖွဲ့တစ်ခု၏ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရသူကို ဆိုလိုသည်။

(ဆ) ==အမှုဆောင်ဒါရိုက်တာ++ ဆိုသည်မှာ အထက် အပိုဒ် (ခ) ပါ ဒါရိုက်တာများအနက်မှ၊ ကုမ္ပဏီ၏ လုပ်ငန်း ကိစ္စအဝဝတွင် တိုက်ရိုက်စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်သည့် ဒါရိုက်တာကို ဆိုလိုသည်။

(ဇ) ==အမှုဆောင်မဟုတ်သော ဒါရိုက်တာ++ ဆိုသည်မှာ အထက် အပိုဒ် (ခ) ပါ ဒါရိုက်တာများ အနက်မှ၊ ကုမ္ပဏီ၏လုပ်ငန်း ကိစ္စအဝဝတွင် တိုက်ရိုက်စီမံခန့်ခွဲမှုကို တာဝန်ယူဆောင်ရွက်ခြင်း မပြုသည့် ဒါရိုက်တာကို ဆိုလိုသည်။

(ဈ) ==အတွင်းရေးမှူး++ ဆိုသည်မှာ ဘုတ်အဖွဲ့က ဥပဒေနှင့်အညီ အတွင်းရေးမှူး တာဝန်များကို ဆောင်ရွက်စေရန်၊ ဒါရိုက်တာအဖွဲ့ဝင်များထဲမှဖြစ်စေ၊ ပြင်ပမှဖြစ်စေ၊ ခန့်အပ်သူတစ်ဦးဦးကို ဆိုလိုသည်။

(ည) ==ကုမ္ပဏီ++ ဆိုသည်မှာ ==မြန်မာ့လယ်ယာထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီ လီမိတက်++ ကို ဆိုလိုသည်။

(ဋ) ==ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်++ ဆိုသည်မှာ မှတ်ပုံတင်စာအုပ်တွင် အစုရှယ်ယာတစ်ခု သို့မဟုတ် အစုရှယ်ယာ အများ၏ ပိုင်ရှင်အဖြစ် ပါဝင်သူတစ်ဦးကို ဆိုလိုသည်။

(ဌ) ==ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်++ ဆိုသည်မှာ ကုမ္ပဏီ/ကော်ပိုရေးရှင်း အဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်အဖြစ် ဥပဒေအရ ခန့်အပ်သောလူပုဂ္ဂိုလ်တစ်ဦးကို ဆိုလိုသည်။

(ဍ) ==မှတ်ပုံတင်စာရင်း++ ဆိုသည်မှာ ဥပဒေအရ ပြုလုပ်ထိန်းသိမ်းရန် လိုအပ်သော ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ မှတ်ပုံတင်စာရင်းကို ဆိုလိုသည်။

(ဎ) ==ရုံး++ ဆိုသည်မှာ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းကို ဆိုလိုသည်။

(ဏ) ==တံဆိပ်++ ဆိုသည်မှာ ကုမ္ပဏီ၏ တရားဝင်သုံး တံဆိပ်တုံးကို ဆိုလိုသည်။

(တ) ==စာဖြင့်++ ဆိုသည်မှာ ရေးသားထားသည့်စာ၊ ပုံနှိပ်ထားသည့်စာ၊ ကျောက်ပုံနှိပ်သည့်စာ သို့မဟုတ် ဆိုလိုသည့် စကားရပ်ကို အဓိပ္ပါယ် ပေါ်လွင်အောင် နည်းတစ်မျိုးမျိုးဖြင့် ဖော်ပြထားသည့်စာ သို့မဟုတ် အီလက်ထရောနစ်စနစ်ဖြင့် ဖော်ပြထားသည့်စာကို ဆိုလိုသည်။

(ထ) ==မတည်ငွေရင်း++ ဆိုသည်မှာ ကုမ္ပဏီ၏ မတည်ငွေရင်းကို ဆိုလိုသည်။

(ဒ) ==အစုရှယ်ယာ++ ဆိုသည်မှာ ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်းရှိ အစုရှယ်ယာကို ဆိုလိုသည်။

(ဓ) ==ခွဲဝေပေးခြင်း++ ဆိုသည်မှာ မတည်ငွေ ပြန်လည် ပေးအပ်ခြင်းငွေ၊ ဆုကြေးငွေအဖြစ် ထုတ်ပေးသည့် အစုရှယ်ယာ၊ ပြန်လည်ဝယ်ယူသည့် အစုရှယ်ယာအတွက် ပေးရန်ငွေနှင့် အခြားဝင်ငွေများ သို့မဟုတ် မတည်ငွေခွဲဝေခြင်းတို့ ပါဝင်သည်။

(န) ==ငွေပေးသွင်းပြီးသည့်++ ဆိုသည့် စကားရပ်တွင် ငွေပေးသွင်းပြီးဟု စာရင်းပြသည် ဆိုသည့် စကားရပ်လည်း ပါဝင်သည်။

(ပ) ==အစုရှယ်ယာအပေါ် ပိုင်ဆိုင်ခွင့်ရှိသောငွေ++ (Lien monies on shares) ဆိုသည်မှာ အစုရှယ်ယာအပေါ် အပြည့်ပေးသွင်းရန် အချိန်စေ့ရောက်၍ လက်တလော ပေးချေရန် ကျန်ရှိသော ငွေပမာဏကို ဆိုလိုပါသည်။

(ဖ) ==အကြွေးတင်ကျန်ရှိနေသောငွေကြေး++ ဆိုသည်မှာ ကုမ္ပဏီသည် အစုရှယ်ယာတစ်ခုကို ရောင်းချခြင်း သို့မဟုတ် အခြားနည်း စီမံခန့်ခွဲအသုံးချခြင်းဖြင့် ပေးချေရမည့် ပိုင်ဆိုင်ခွင့်ရှိသောငွေ သို့မဟုတ် သိမ်းယူသည့် အစုရှယ်ယာနှင့် စပ်လျဉ်း၍ အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်း တင်သွင်းထားသူမှ မပေးချေရသေးသည့် ငွေပမာဏကို ဆိုလိုသည်။

(ဗ) ==အမြတ်ဝေစု++ ဆိုသည့်စကားရပ်တွင် ဆုငွေလည်းပါဝင်သည်။

(ဘ) ==ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း++ ဆိုသည်မှာ ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ပေးချေဝယ်ယူရန် အတွက် အများပြည်သူသို့ ကမ်းလှမ်းသည့် ကုမ္ပဏီ၏ အလားအလာဖော်ပြချက် သို့မဟုတ် အကြောင်းကြားစာ သို့မဟုတ် ဖြန့်ဝေစာ သို့မဟုတ် ကြေညာချက် သို့မဟုတ် အခြား ဖိတ်ခေါ်ချက် တစ်ရပ်ရပ်ကို ဆိုလိုသည်။

(မ) ==အများပြည်သူသို့ ဖိတ်ခေါ်ခြင်း++ ဆိုသည်မှာ အများပြည်သူသို့ အစုရှယ်ယာများ ဝယ်ယူရန် ဖိတ်ခေါ်ရာတွင် လက်ရှိကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပတ်သက်ဆက်နွယ်သူများကိုသာ အခွင့်အရေးတစ်ရပ်ရပ်အဖြစ် ကမ်းလှမ်းခြင်းမျိုး မဟုတ်ဘဲ အများပြည်သူအား ဖိတ်ခေါ်ခြင်းကို ဆိုလိုပါသည်။

(ယ) ==အထွေထွေအစည်းအဝေး++ ဆိုသည်မှာ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကို ဆိုလိုသည်။

(ရ) ==ဆုံးဖြတ်ချက်++ ဆိုသည်မှာ မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ဆိုလိုပြီး ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်၊ သာမန်ဆုံးဖြတ်ချက်နှင့် အထူးဆုံးဖြတ်ချက်တို့လည်း အကျုံးဝင်သည်။

(လ) ==သာမန်ဆုံးဖြတ်ချက်++ ဆိုသည်မှာ သာမန်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေ အစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး၊ ကိုယ်တိုင်တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ သာမန်မဲ အများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ဆိုလိုသည်။

(ဝ) ==အထူးဆုံးဖြတ်ချက်++ ဆိုသည်မှာ အထူးဆုံးဖြတ်ချက် တစ်ရပ်အဖြစ် နည်းလမ်းတကျ ချမှတ် ဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာ တွင် ဖော်ပြခဲ့ပြီး၊ ကိုယ်တိုင်တက်ရောက်၍ ဖြစ်စေ၊ ခွင့်ပြုခန့်ထားသည့် ကိုယ်စားလှယ် တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသော ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ လေးပုံ သုံးပုံထက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို ဆိုလိုသည်။

(သ) ==လက်ပြမဲပေးခြင်း++ ဆိုသည်မှာ ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်တစ်ဦးစီက တစ်မဲစီ လက်ပြ၍ ဆန္ဒမဲ ပေးခြင်းကို ဆိုလိုသည်။

(ဟ) ==မဲခွဲဆုံးဖြတ်ခြင်း++ ဆိုသည်မှာ အထွေထွေအစည်းအဝေးများတွင် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်တစ်ဦးစီက ၎င်းတို့ ပိုင်ဆိုင်သော အစုရှယ်ယာအရေအတွက်အရ ဆန္ဒမဲပေးခြင်း၊

ဘုတ်အဖွဲ့အစည်းအဝေးတွင် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအပိုဒ် (၁၅၀) နှင့်အညီ ဘုတ်အဖွဲ့မှ ဆန္ဒမဲပေးခြင်းကို ဆိုလိုသည်။

(ဠ) ==မှတ်ပုံတင်အရာရှိ++ ဆိုသည်မှာ ဥပဒေ ပုဒ်မ ၁ (ဂ) (၃၁) အရ အဓိပ္ပါယ်ဖော်ညွှန်းသည့် ကုမ္ပဏီများအား မှတ်ပုံတင်ဆောင်ရွက်ခြင်းတာဝန်ကို ထမ်းဆောင်ရန်နှင့် အပ်နှင်းထားသည့် အခြား လုပ်ပိုင်ခွင့်များကို ကျင့်သုံးရန်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်အတွက် ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ အရာရှိကို ဆိုလိုပါသည်။

## ကုမ္ပဏီများဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၂။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် အခြားနည်းဖြင့် ဖော်ပြထားခြင်း မှတစ်ပါး ဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားပါက ထိုသို့ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။

## ဥပဒေနှင့် ညီညွတ်ရန် လိုအပ်သော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၃။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ဥပဒေနှင့်ညီညွတ်ရမည်။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ စာပိုဒ် တစ်ရပ်ရပ်သည် ဥပဒေနှင့် ကွဲလွဲခြင်း သို့မဟုတ် ညီညွတ်မှုမရှိခြင်းတို့ ပေါ်ပေါက်ပါက ယင်းကွဲလွဲခြင်း၊ သို့မဟုတ် ညီညွတ်မှုမရှိခြင်းကို ဥပဒေအရ ခွင့်ပြုထားသည့် အတိုင်းအတာအထိ မှလွဲ၍ ယင်းကွဲလွဲခြင်း၊ မညီညွတ်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေလွှမ်းမိုးသည်။

## အခန်း (၂)

## နိဒါန်းအချက်အလက်များ

၄။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဖြစ်သည်။ ဥပဒေ ပုဒ်မ ၁၁ (က) နှင့်အညီ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ စည်းကမ်းချက်များအရ၊ ကုမ္ပဏီနှင့် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသည် ၄င်းတို့ တစ်ဦးစီက အသီးသီး ပါဝင် လက်မှတ်ရေးထိုး ခဲ့ကြသကဲ့သို့၊ ၄င်းတို့အပေါ်တွင် စည်းနှောင်မှုရှိပြီး၊ စည်းကမ်းချက်များကို လိုက်နာရမည့် သဘောတူညီချက် တစ်ရပ် ဖြစ်သည်။

၅။ ကုမ္ပဏီသည် အစုရှယ်ယာအားဖြင့် ပေးရန် တာဝန်ကန့်သတ်ထားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသည် ဥပဒေအရ ၄င်းတို့ပိုင်ဆိုင်သော အစုရှယ်ယာများတွင် မပေးချေရသေးသော ပမာဏအတိုင်းအတာအထိ ပေးရန် တာဝန်ရှိသည်ဟု ကန့်သတ်သည်။

၆။ ဥပဒေနှင့်အညီ ကုမ္ပဏီတွင် သာမန် အစုရှယ်ယာ တစ်မျိုးတစ်စားတည်းသာ ထားရှိပါသည်။ နောင်တွင် ကုမ္ပဏီသည် ဥပဒေနှင့်အညီ အခြား အစုရှယ်ယာ အမျိုးအစားများကိုလည်း ထုတ်ဝေနိုင်ပါသည်။

၇။ ကုမ္ပဏီ၏ အစုရှယ်ယာများအတွက် သတ်မှတ်ထားသည့် ငွေကြေးမှာ မြန်မာကျပ် ဖြစ်ပါသည်။

၈။ ကုမ္ပဏီတွင် ပါဝင်သူ မည်သည့်အစုရှင်မဆို အစုရှယ်ယာ တစ်ခုအောက်နည်း၍ အစုရှယ်ယာ ပိုင်ဆိုင်ခွင့် မရှိပါ။

၉။ မည်သည့်အချိန်အခါမဆို ကုမ္ပဏီသည် ဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့် နိုင်ငံခြား ကုမ္ပဏီ အဖြစ် ပြောင်းလဲခြင်းမရှိစေရန် ပါဝင်သူအစုရှင်များအား အစုရှယ်ယာ ရောင်းချရာတွင် ဖြစ်စေ၊ အစုရှယ်ယာ လွှဲပြောင်းရာတွင်ဖြစ်စေ အထူးဂရုပြုရမည်။

၁၀။ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၁၁။ ကုမ္ပဏီ တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဝန်ဆောင်မှုလုပ်ငန်းများ

(၁) အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှုအတိုင်ပင်ခံများနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ

(၂) သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ

(၃) ယာဉ်နှင့်စက်ကိရိယာအမျိုးမျိုး၊ ကြံ့ခိုင်ရေးပြုလုပ်ခြင်း၊ မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများ

(၄) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများတပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းများ

(၅) ပြည်တွင်းပြည်ပသို့ ကုန်ပစ္စည်းများ တင်သွင်း/တင်ပို့နိုင်သည့် အထွေထွေသုံး ဆိပ်ခံတံတားများတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ

(၆) နိုင်ငံအနှံ့အပြား၌ သိုလှောင်ရုံများတည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း များ

(၇) ပဲ၊ ပြောင်း၊ နှမ်း ကုန်ပစ္စည်းအာမခံပေးခြင်းနှင့် ဆက်စပ်လုပ်ငန်းများ

(၈) နိုင်ငံတကာအဆင့်မီ Commodity Exchange Centre တည်ဆောက်၍ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ

(၉) လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းများ

(၁၀) သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဖိုးမြှင့် သစ်အခြေခံကုန်ပစ္စည်းများ

(၁၁) တိရစ္ဆာန်ထွက်ကုန်ပစ္စည်းနှင့် တိရစ္ဆာန်အစားအစာ

(၁၂) ရေထွက်ကုန်ပစ္စည်းများ

(၁၃) ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ

(၁၄) ဓာတုဗေဒနှင့် ဓာတ်ဆေးဆိုးဆေးများ

(၁၅) စက်ရုံသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ

(၁၆) အိမ်သုံးကုန်ပစ္စည်းများ

(၁၇) လူသုံးကုန်ပစ္စည်းများ

(၁၈) ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် သုတ်ဆေးများ

(၁၉) လျှပ်စစ်နှင့် အီလက်ထရောနစ်ကုန်ပစ္စည်းများ

(၂၀) ယာဉ်နှင့် စက်ကိရိယာနှင့် အပိုပစ္စည်းများ

(၂၁) ကိရိယာတန်ဆာပလာအမျိုးမျိုး

(၂၂) ဆေးနှင့်ဆေးပစ္စည်းများ

(၂၃) စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ

(၂၄) အထည်အလိပ်နှင့် အဝတ်အထည်များ

(၂၅) စက္ကူ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများ

(၂၆) ရုံးသုံးပစ္စည်းများနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများ

(ခ) ကုမ္ပဏီမှ သင့်တော်လျောက်ပတ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန်အတွက် မည်သည့်ပုဂ္ဂိုလ်၊ စီးပွားရေးအဖွဲ့အစည်း၊ ကုမ္ပဏီ၊ ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်းထံမှ ငွေချေးယူရန်။

ခြွင်းချက် ။ ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အတွင်းဖြစ်စေ၊ အခြားမည်သည့်အရပ်ဒေသ၌ဖြစ်စေ၊ အချိန်ကာလအလိုက် တည်မြဲနေသော တရားဥပဒေအမိန့်ကြော်ငြာစာများ၊ အမိန့်များက ခွင့်ပြုထားသည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို လုပ်ဆောင်ရွက်ခြင်းမပြုပါ။ ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း၌ အချိန်ကာလအားလျော်စွာ တည်မြဲနေသည့် တရားဥပဒေ ပြဋ္ဌာန်းချက်များ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် လျော်ညီသင့်တော်ခြင်း သို့မဟုတ် ခွင့်ပြုထားခြင်း ရှိမှသာလျှင် လုပ်ငန်းများကို ဆောင်ရွက်မည်ဟု ခြွင်းချက်ထားရှိပါသည်။

## အခန်း (၃)

## အစုရှယ်ယာမတည်ငွေရင်း

### အစုရှယ်ယာများနှင့် အခြားသော ငွေချေးသက်သေခံလက်မှတ်များ

၁၂။ (က) ကုမ္ပဏီ၏ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အတည်ပြုသည့်အချိန်တွင် ထုတ်ဝေထားသော အစုရှယ်ယာအရေအတွက်မှာ ၁,၀၀၆,၀၃၅ စု ဖြစ်ပါသည်။

(ခ) ကုမ္ပဏီမှ ထုတ်ဝေထားသည့် အစုရှယ်ယာများ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များသည် ပါဝင်သူအစုရှင်တစ်ဦးဦး၏ သို့မဟုတ် အခြားပိုင်ဆိုင်သူတစ်ဦးဦး၏ လက်ဝယ်ထားရှိစဉ် ဥပဒေအရသော်လည်းကောင်း၊ အခြား သက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း ပြဋ္ဌာန်းထားသည့် သို့မဟုတ် ခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ လွှဲပြောင်းနိုင်ခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ဖြစ်စေရမည်။

### အစုရှယ်ယာများ ထုတ်ဝေခြင်းနှင့် ခွဲဝေခြင်း

၁၃။ ဥပဒေကို လိုက်နာလျက် ဘုတ်အဖွဲ့သည်-

(က) အစုရှယ်ယာများ သို့မဟုတ် အခြား ငွေချေးသက်သေခံ လက်မှတ်များကို မည်သည့်အချိန် တွင်မဆို ဘုတ်အဖွဲ့ဝင်များက သင့်သည် ထင်မြင်သော စည်းကမ်းချက်များအား သတ်မှတ်၍ ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ ထုတ်ဝေရောင်းချနိုင်သည်။

(ခ) အစုရှယ်ယာများကို အပြည့်အဝပေးချေခြင်းဖြင့်သာလျှင် ထုတ်ဝေနိုင်သည်။

(ဂ) ကုမ္ပဏီ၏ မတည်ငွေရင်းကို အစုရှယ်ယာများ ထပ်မံ ထုတ်ဝေရောင်းချခြင်းဖြင့် တိုးမြှင့်ရန် ဆုံးဖြတ်သည့်အခါ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်တစ်ဦးစီက ပိုင်ဆိုင်ထားသည့် လက်ရှိ အစုရှယ်ယာ အမျိုးအစားအားဖြင့် တူညီသော မည်သည့် အစုရှယ်ယာ အမျိုးအစားကိုမဆို အဆိုပါအစုရှယ်ယာများကို ဦးစားပေးအခွင့်အရေးအဖြစ် ၎င်းတို့အားဝယ်ယူနိုင်ရန် ကမ်းလှမ်း၍ ဖြစ်စေ၊ ထိုဦးစားပေး အခွင့်အရေးအတွက် ခံစားခွင့်အပေါ် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ ကြိုတင်သဘောတူညီချက်ဖြင့်ဖြစ်စေ၊ အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ထုတ်ဝေရောင်းချနိုင်သည်။

### အစုရှယ်ယာ ခွဲဝေရောင်းချခြင်း

၁၄။ အစုရှယ်ယာများအားလုံးကို ခွဲဝေရောင်းချသည့်အခါ၌ အပြည့်ပေးသွင်းပြီး ဖြစ်စေရမည်။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် အပြည့်ပေးသွင်းရန် ခွဲဝေရောင်းချခဲ့သော်လည်း ထည့်ဝင်သူများက ထည့်ဝင် ခြင်းမရှိသော အစုရှယ်ယာများအပေါ်တွင် ပိုင်ဆိုင်ခွင့်နှင့် သိမ်းယူခွင့်ရှိခြင်းကို ဤအခန်း (၅) တွင်

ဖော်ပြထားသည့်အတိုင်း ပိုင်ဆိုင်ခွင့်နှင့် သိမ်းယူခံရခြင်းနှင့် ယင်းပိုင်ဆိုင်ခွင့်အရ အစုရှယ်ယာများအား သိမ်းယူရောင်းချခြင်းများကို ဆောင်ရွက်နိုင်သည်။

၁၅။ အကယ်၍ မည်သည့်အချိန်၌မဆို အစုရှယ်ယာမတည်ငွေရင်းကို အစုရှယ်ယာအတန်းအစားအမျိုးမျိုးဖြစ်အောင် ခွဲစိတ်လျှင် မည်သည့်အမျိုးအစားကိုမဆို ပူးတွဲပါရှိသည့် အခွင့်အရေးများအား (ယင်းထုတ်ပေးသော အစုရှယ်ယာအမျိုးအစားအတွက် စည်းကမ်းချက်များ၊ အခြားနည်း စီစဉ်ထားပြီးမဟုတ်လျှင်) ဥပဒေ ပုဒ်မ ၁၂၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးနိုင်သည်။

## အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏအသီးသီးပေါ်တွင် ကုမ္ပဏီက စီစဉ် ဆောင်ရွက်နိုင်မည့် အခွင့်အာဏာ

၁၆။ ကုမ္ပဏီတစ်ခုသည် ဘုတ်အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်ဖြင့် အောက်ပါကိစ္စ တစ်ရပ်ရပ်ကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။

(က) အစုရှယ်ယာများအတွက် ပေးချေရမည့် ငွေပမာဏနှင့် ပေးချေရမည့်အချိန်ကာလတို့ကို အစုရှယ်ယာ ပိုင်ရှင်များအကြား ခြားနား၍ အစုရှယ်ယာထုတ်ဝေမှုနှင့် သက်ဆိုင်သော စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

(ခ) အစုရှယ်ယာအတွက် ပေးချေရမည့် ငွေပမာဏတစ်စိတ်တစ်ဒေသကို ပေးချေရန် တောင်းဆိုခြင်းမပြုသော်လည်း အစုရှယ်ယာရှင်မှ ၎င်းပိုင်ဆိုင်ထားသည့် အစုရှယ်ယာအတွက် ပေးချေရန် ကျန်ရှိနေသော ငွေပမာဏအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပေးချေပါက လက်ခံနိုင်သည်။

(ဂ) အစုရှယ်ယာတစ်ခုစီအတွက် ပေးချေထားသည့် ငွေပမာဏ အချိုးအစားအလိုက် အမြတ်ငွေ ခွဲဝေမှုကို ပြုလုပ်နိုင်သည်။

## ကုမ္ပဏီသည် ဦးစားပေးအစုရှယ်ယာများ ထုတ်ဝေနိုင်ခြင်း

၁၇။ ဥပဒေကိုလိုက်နာ၍ အပိုဒ်-၁၃ အရ ကန့်သတ်ခြင်းမရှိဘဲ ဘုတ်အဖွဲ့၏ ဆုံးဖြတ်သည့် စည်းကမ်းချက်များနှင့်အညီ ကုမ္ပဏီသည် ဦးစားပေးအစုရှယ်ယာများကို ထုတ်ဝေနိုင်သည်။ ဦးစားပေး အစုရှယ်ယာများကို ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်ကဖြစ်စေ၊ သို့မဟုတ် နှစ်ဦးလုံး ကဖြစ်စေ မိမိတို့ရွေးချယ်သည့်အတိုင်း ပြန်လည်ရွေးနှုတ်ခြင်း သို့မဟုတ် သာမန် အစုရှယ်ယာ အဖြစ်သို့ ပြောင်းလဲခြင်းပြုနိုင်သည်။ ထို့ပြင် လိုအပ်လျှင် ဦးစားပေးအစုရှယ်ယာများကို ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ အတည်ပြုထားသော အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် သာမန်အစုရှယ်ယာ များသို့ ပြောင်းလဲနိုင်သည်။

## အစုရှယ်ယာများအတွက် လျှောက်ထားခြင်း

၁၈။ ပုဂ္ဂိုလ်တစ်ဦးက ကိုယ်တိုင်အတွက်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ အစုရှယ်ယာများ လျှောက်ထားလာ သည်ကို ကုမ္ပဏီကလက်ခံရရှိပါက ကုမ္ပဏီသည်ယင်းသို့ လျှောက်ထားချက်အရ ပုဂ္ဂိုလ်တစ်ဦးကို အစုရှယ်ယာ ခွဲဝေပေးရာတွင် ထိုလျှောက်ထားချက်သည် အောက်ပါအတိုင်းဖြစ်သည်ဟု မှတ်ယူ ရမည်။

(က) အစုရှယ်ယာများကို လက်ခံရရှိမည့်သူသည် ခွဲဝေပေးမည့် အစုရှယ်ယာပါ စည်းကမ်းချက်များကို လိုက်နာရန် သဘောတူညီ၍ လက်ခံကြောင်း။

(ခ) အစုရှယ်ယာများကို လက်ခံရရှိမည့်သူသည် ယင်း၏အမည်ကို အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင်စာရင်းတွင် ထည့်သွင်းရန် တောင်းဆိုကြောင်း။

(ဂ) အစုရှယ်ယာများကို လက်ခံရရှိမည့်သူသည် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်တစ်ဦးဖြစ်ရန် သဘောတူညီချက်ဖြင့် ဥပဒေနှင့်အညီ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာမည် ဖြစ်ကြောင်း။

**ပူးတွဲအစုရှယ်ယာရှင်များ**

၁၉။ အစုရှယ်ယာတစ်ခုခုကို ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာရင်းသွင်းထားသော နှစ်ဦးနှင့် နှစ်ဦးထက် ပိုသောသူများသည် ပူးတွဲအစုရှယ်ယာရှင်များအဖြစ် အဆိုပါ အစုရှယ်ယာများကို ပိုင်ဆိုင်သည်ဟု မှတ်ယူရမည် ဖြစ်ပြီး ၎င်းတို့သည် အောက်တွင်ဖော်ပြသောပြဋ္ဌာန်းချက်များကို လိုက်နာရမည်-

(က) ပူးတွဲ အစုရှယ်ယာများသည် အစုရှယ်ယာအတွက် သို့မဟုတ် အစုရှယ်ယာနှင့် စပ်လျဉ်း၍ ပေးရန်လိုအပ်သောငွေပေးချေခြင်း (တောင်းဆိုသည့်အခါပေးရန်ရှိပမာဏအပါအဝင်) ကို ပူးတွဲလျက်သော်လည်းကောင်း၊ သီးခြားစီသော်လည်းကောင်း ပေးချေရန် တာဝန်ရှိသည်။

(ခ) ပူးတွဲရှယ်ယာရှင်တစ်ဦး သေဆုံးပါက၊ အသက်ရှင်ကျန်သူ သို့မဟုတ် အသက်ရှင်ကျန်သူများ သည်သာ အစုရှယ်ယာကို ဆိုင်ရာဆိုင်ခွင့်ရှိသူများဖြစ်ကြောင်း ကုမ္ပဏီက အသိအမှတ်ပြု နိုင်သည်။ သို့သော် သေဆုံးကြောင်း သက်သေခံ အထောက်အထားကို ဘုတ်အဖွဲ့က တင်ပြရန် တောင်းဆိုနိုင်သည်။

(ဂ) ပူးတွဲရှယ်ယာရှင်တစ်ဦးဦးသည် အမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများ လက်ခံရရှိ ကြောင်း တရားဝင်ပြေစာကို အခြားပူးတွဲအစုရှယ်ယာရှင်များထံသို့ ပေးအပ်နိုင်သည်။

(ဃ) ပူးတွဲအစုရှယ်ယာရှင်တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးခြင်း၊ အစီရင်ခံစာပေးခြင်း၊ ငွေစာရင်းရှင်းခြင်း၊ အစုရှယ်ယာလက်မှတ် ပေးအပ်ခြင်းသည် ပူးတွဲအစုရှယ်ယာရှင် အားလုံးသို့ ပေးပို့ပြီး ဖြစ်သကဲ့သို့ဖြစ်စေရမည်။

(င) ပူးတွဲရှယ်ယာရှင်များသည် တစ်ဦးတည်း အစုရှယ်ယာရှင်တစ်ဦးအဖြစ် ပြုမူစေရမည်။

**အစုရှယ်ယာရှင်များ နှင့်စပ်လျဉ်း၍ ယုံကြည်အပ်နှံခြင်းများနှင့် အခြားအကျိုးခံစားခွင့်များကို အသိအမှတ် ပြုခြင်း**

၂၀။ ဥပဒေကိုလိုက်နာလျက် ကုမ္ပဏီသည် မှတ်ပုံတင်ထားသည့် အစုရှယ်ယာရှင်အား ထိုအစုရှယ်ယာကို အပြီးအပြတ်ပိုင်ဆိုင်သူအဖြစ် သတ်မှတ်ဆက်ဆံဆောင်ရွက်နိုင်သည်။ ထိုသို့ သတ်မှတ်ထားသည့် အားလျော်စွာ ကုမ္ပဏီသည် (သိရှိပြီးဖြစ်စေ၊ မသိရှိရသေးသည်ဖြစ်စေ) အောက်တွင် ဖော်ပြသော ပြဋ္ဌာန်းချက်များကို အသိအမှတ်ပြုရန်မလိုပါ-

(က) လူတစ်ယောက်အား ယုံကြည်အပ်နှံမှုဖြင့် အစုရှယ်ယာလက်ရှိဖြစ်သူဖြစ်ကြောင်း။

(ခ) အစုရှယ်ယာတွင် သာတူညီမျှဖြစ်သော၊ ခိုင်လုံမှုမရှိသော၊ နောင်လာမည့် ကာလတွင် ဖြစ်သော၊ သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်သော အကျိုးခံစားခွင့်ရှိကြောင်း။

## အခန်း (၄)

## အစုရှယ်ယာလက်မှတ်များ

### အစုရှယ်ယာ လက်မှတ်ထုတ်ပေးခြင်း

၂၁။ ကုမ္ပဏီသည် အစုရှယ်ယာလက်မှတ်များကို ဥပဒေနှင့်အညီ ထုတ်ပေးရန် လိုအပ်ပါက ထုတ်ပေးရမည်ဖြစ်ပြီး အစုရှယ်ယာလက်မှတ်များတွင် ဥပဒေအရ လိုအပ်သည့်အတိုင်း သတင်းအချက်အလက်အားလုံးပါဝင်စေရမည်။ ထို့ပြင် အစုရှယ်ယာလက်မှတ်များကို အီလက်ထရောနစ်ပုံစံဖြင့်လည်း ထုတ်ပေးနိုင်သည်။

### ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များသည် အစုရှယ်ယာလက်မှတ် ရထိုက်ခွင့်ရှိခြင်း

၂၂။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်တစ်ဦးချင်းစီသည် ၎င်းတို့ အမည်ဖြင့် မှတ်ပုံတင်ထားသည့် အစုရှယ်ယာအမျိုးအစား အသီးသီးတွင် အစုရှယ်ယာလက်မှတ်တစ်စောင်စီ အသီးသီးကို တောင်းဆိုပါက အခမဲ့ ရထိုက်ခွင့်ရှိပါသည်။

### ပူးတွဲအစုရှယ်ယာရှင်များအတွက် အစုရှယ်ယာလက်မှတ်

၂၃။ အစုရှယ်ယာများကို ပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအမည်ဖြင့် မှတ်ပုံတင်ထားသော်လည်း ကုမ္ပဏီသည် အစုရှယ်ယာအမျိုးအစားအလိုက် အစုရှယ်ယာ အမျိုးအစားတစ်ရပ်စီအတွက် အစုရှယ်ယာလက်မှတ်တစ်ခုသာ ထုတ်ပေးရန်လိုအပ်သည်။

### အစုရှယ်ယာ လွှဲပြောင်းပေးခြင်း သို့မဟုတ် တစ်ဆင့်လွှဲအပ်ခြင်းအတွက် အစုရှယ်ယာလက်မှတ်ကို ပယ်ဖျက်ခြင်း

၂၄။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို လိုက်နာလျက် ဥပဒေလိုအပ်ချက်နှင့်အညီ အီလက်ထရောနစ်ပုံစံဖြင့် ထုတ်ပေးထားသော အစုရှယ်ယာများမှအပ အစုရှယ်ယာများ လွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းသွင်းရန် သို့မဟုတ် အစုရှယ်ယာတစ်ခုခုကို ဥပဒေအရ တစ်ဦးဦးသို့ တစ်ဆင့် လွှဲအပ်ပေးခဲ့သည့်အတွက် ထိုသူကို အစုရှယ်ယာရှင်အဖြစ် မှတ်ပုံတင် စာရင်းသွင်းရန် လျှောက်ထားလာရာတွင် အဆိုပါ အစုရှယ်ယာလက်မှတ်ကို ဖျက်သိမ်းရန် ကုမ္ပဏီသို့ ပေးပို့ရမည်။

**အစုရှယ်ယာလက်မှတ် အစားထိုးထုတ်ပေးခြင်း**

၂၅။ အကယ်၍ အစုရှယ်ယာသက်သေခံလက်မှတ်တစ်စောင်သည် ပုံသဏ္ဍာန်ပျက်လျှင်၊ ပျောက်ဆုံးလျှင် သို့မဟုတ် ပျက်စီးလျှင် ဘုတ်အဖွဲ့က သင့်လျော်သည်ဟု ယူဆသည့်အတိုင်း အထောက်အထားနှင့် လျော်ကြေးခံဝန်ချုပ်စသည့် စည်းကမ်းတို့ကို လိုက်နာပြီး အခကြေးငွေ ပေးဆောင်စေလျက် အစုရှယ်ယာသက်သေခံလက်မှတ်ကို အသစ် လဲလှယ်ပေးနိုင်သည်။

၂၆။ ကုမ္ပဏီသည် မူရင်းအစုရှယ်ယာလက်မှတ် ပြန်လည်ပေးပို့လာခြင်း၊ အပိုဒ်-၂၅ ပါအတိုင်း သက်သေထင်ရှားပြခြင်း၊ အခြားနည်းတင်ပြလာခြင်းရှိပါက လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၂၈) ရက်အတွင်း သို့မဟုတ် ထို့ထက် ပိုမိုတိုတောင်းသော ကာလအတွင်း ဥပဒေလိုအပ်ချက်နှင့်အညီ အစုရှယ်ယာလက်မှတ် အစားထိုးထုတ်ပေးခြင်းပြုရမည်။

## အခန်း (၅)
## အစုရှယ်ယာ လွှဲပြောင်းခြင်း

၂၇။ အစုရှယ်ယာတစ်စုစု၏ လွှဲပြောင်းရေးဆိုင်ရာစာတမ်းကို လွှဲပြောင်းသူနှင့် လွှဲပြောင်းခြင်းခံရသူ နှစ်ဦးစလုံးက လက်မှတ်ရေးထိုးအတည်ပြုရမည့်အပြင် လွှဲပြောင်းသူသည် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များမှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာနှင့် စပ်လျဉ်း၍လွှဲပြောင်းခြင်းခံရသူ၏ အမည်ကို ရေးသွင်းပြီးသည်အထိ အစုရှယ်ယာပိုင်ဆိုင်သူအဖြစ် တည်ရှိသည်ဟု မှတ်ယူရမည်။ သို့သော်လည်း တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော စတော့အိတ်ချိန်းတစ်ခုခုတွင် စာရင်းဝင် ရောင်းဝယ်မှု ပြုလုပ်နေသည့်အစုရှယ်ယာများ လွှဲပြောင်းခြင်းကို အဆိုပါ စတော့အိတ်ချိန်းနှင့် စတော့အိတ်ချိန်းမှ ခန့်အပ်သည့်အစုရှယ်ယာများ အပ်နှံမှုနှင့် လက်ခံခွင့်ရအဖွဲ့အစည်း သို့မဟုတ် အစုရှယ်ယာများ စာရင်းရှင်းလင်းပေးသည့် အဖွဲ့အစည်းတို့မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လွှဲပြောင်းခြင်းပြုလုပ်ရမည်။

၂၈။ ကုမ္ပဏီ၏ အစုရှယ်ယာများ လွှဲပြောင်းရာတွင် ဒါရိုက်တာများ လက်ခံအတည်ပြုနိုင်သော သုံးစွဲနေကျရိုးရိုး မည်သည့်ပုံစံဖြင့်ဖြစ်စေ၊ ပြုလုပ်ရမည်။ သို့သော်လည်း တရားဝင် ဖွဲ့စည်း ဖွင့်လှစ်ထားသောစတော့အိတ်ချိန်း၌ စာရင်းဝင်ရောင်းဝယ်မှု ပြုလုပ်နေသည့် အစုရှယ်ယာများ လွှဲပြောင်းခြင်းအတွက် အဆိုပါ စတော့အိတ်ချိန်း သို့မဟုတ် စတော့အိတ်ချိန်းမှ ခန့်အပ်သည့် အစုရှယ်ယာများအပ်နှံမှုနှင့် လက်ခံခွင့်ရအဖွဲ့အစည်း သို့မဟုတ် အစုရှယ်ယာများ စာရင်းရှင်းလင်းပေးသည့်အဖွဲ့အစည်းတို့မှ သတ်မှတ်သည့် သုံးစွဲနေကျ ရိုးရိုးပုံစံဖြင့် လွှဲပြောင်းခြင်း ဖြစ်ရမည်။

၂၉။ တရားဝင် ဖွဲ့စည်းဖွင့်လှစ်ထားသော စတော့အိတ်ချိန်းတွင် စာရင်းဝင်ပြီး ရောင်းဝယ်လျက်ရှိသောအစုရှယ်ယာများမှအပ အခြားအစုရှယ်ယာများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရာတွင်ဘုတ်အဖွဲ့သည် နှစ်စဉ် နှစ်ပတ်လည် အထွေထွေအစည်းအဝေး မကျင်းပမီ (၂၈) ရက် ကာလအတွင်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်တို့နှင့်အညီ လွှဲပြောင်းခြင်း မှတ်ပုံတင်ရန်ကိုလည်း ဆိုင်းငံ့ထားနိုင်သည်။

(က) ဘုတ်အဖွဲ့မှ ဆုံးဖြတ်သည့် သင့်တော်သော နှုန်းထားတစ်ခုအား ကုမ္ပဏီသို့ ပေးသွင်းစေ၍၊ နှင့်

(ခ) လွှဲပြောင်းပေးသူသည် အမှန်တကယ် လွှဲပြောင်းပေးနိုင်ခွင့်ရှိကြောင်းကို လွှဲပြောင်းခြင်းစာတမ်းနှင့်အတူ ပူးတွဲ၍ ယင်းနှင့်သက်ဆိုင်သည့် အစုရှယ်ယာများ၏သက်သေခံလက်မှတ်အပြင် အကယ်၍ ဘုတ်အဖွဲ့သည် အစုရှယ်ယာ လွှဲပြောင်းခြင်းလျှောက်လွှာကို လက်ခံရရှိသည့်နေ့

မှစ၍ ၂၁ ရက်အတွင်း ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ငြင်းပယ်နိုင်ပြီး ထိုသို့ လွှဲပြောင်းခြင်း မှတ်ပုံတင်ပေးရန် ငြင်းပယ်လျှင် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းပေးခြင်းခံရသူတို့ထံ ငြင်းပယ် ကြောင်း နို့တစ်စာကို ၇ ရက်အတွင်း ပေးပို့ရမည်။

၃၀။ အစုရှယ်ယာပိုင်ဆိုင်သူအဖြစ် မှတ်ပုံတင်ပြီးသူကိုသာ ကုမ္ပဏီက အစုရှယ်ယာအပေါ် ပိုင်ဆိုင်ခွင့် ရှိသူအဖြစ် အသိအမှတ်ပြုရမည်။ သံသယကိုရှောင်ရှားနိုင်ရန် အစုရှယ်ယာ ပိုင်ဆိုင်သူအဖြစ် မှတ်ပုံတင်ပြီးသူများတွင် ကုမ္ပဏီ၏ အစုရှယ်ယာများကို ရောင်းဝယ်မှု ပြုလုပ်နေသည့် သက်ဆိုင်ရာ စတော့အိတ်ချိန်း၌ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝယ်ယူထားသည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။

## အခန်း (၆)

## အစုရှယ်ယာများ တစ်ဆင့်ဆက်ခံလွှဲပြောင်းခြင်း

၃၁။ ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်တစ်ဦးသည် အစုရှယ်ယာပိုင်ဆိုင်သည့်အချိန်၌ဖြစ်စေ၊ နောက်ပိုင်း မည်သည့်အချိန်၌ဖြစ်စေ၊ ၎င်းကွယ်လွန်သည့်အခါ ၎င်း၏အစုရှယ်ယာများကို လွှဲပြောင်းပေးရန် မည်သည့်ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်များအားမဆို အမည်တင်သွင်းထားနိုင်သည်။ ဤသို့သော ကိစ္စရပ်တွင် ကုမ္ပဏီသည် နောက်ဆုံးအမည် တင်သွင်းထားသူအားသာလျှင် ထိုအစုရှယ်ယာအား ပိုင်ဆိုင်ခွင့်ရှိသူပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များအဖြစ် အသိအမှတ်ပြုရမည်။ ထိုသို့အမည်တင်သွင်းခြင်း မရှိသော အခါတွင်မူ ကွယ်လွန်သည့် တစ်ဦးတည်းပိုင်ဆိုင်သည့် အစုရှယ်ယာပိုင်ရှင်၏ သေတမ်းစာ အတည်ပြုသူနှင့် အမွေထိန်းသူတို့ကိုသာ ယင်းအစုရှယ်ယာ၏ ပိုင်ဆိုင်သူအဖြစ် ကုမ္ပဏီက လက်ခံမည်ဖြစ်သည်။ အကယ်၍ အစုရှယ်ယာကို အမည်နှစ်ခု သို့မဟုတ် နှစ်ခုထက် ပို၍ အစုရှယ်ယာကို မှတ်ပုံတင်ထားလျှင်၊ တစ်ဦးသေဆုံးသွားပါက ကျန်ရှိသူ သို့မဟုတ် ကျန်ရှိသူများ သို့မဟုတ် ကျန်ရှိသူ၏ သေတမ်းစာ အတည်ပြုသူ သို့မဟုတ် အမွေထိန်း စာရရှိသူသာလျှင် ယင်းအစုရှယ်ယာ၏ ပိုင်ဆိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ကုမ္ပဏီက အသိအမှတ်ပြုရမည်။

၃၂။ မည်သူမဆို အစုရှယ်ယာတစ်စုကို ပိုင်ဆိုင်ခွင့်ရှိလာလျှင် ဒါရိုက်တာများက အခါအားလျော်စွာ တောင်းဆိုသော သက်သေအထောက်အထားများကို တင်ပြနိုင်မှသာလျှင် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်အဖြစ် မှတ်ပုံတင်ခြင်း ခံယူခွင့်ရှိစေရမည် သို့မဟုတ် ထိုသူက မိမိကိုယ်တိုင်မှတ်ပုံတင်ခြင်း ခံယူမည့်အစား ယင်းအစုရှယ်ယာများကို သေဆုံးသူ သို့မဟုတ် လူမွဲအဖြစ်ခံယူထိုက်သူက လွှဲပြောင်းပိုင်ဆိုင်ခွင့်ရှိစဉ်က လွှဲပြောင်းနိုင်သကဲ့သို့ လွှဲပြောင်းနိုင်ခွင့်ရှိသည်။ သို့သော် ဘုတ်အဖွဲ့သည် မည်သည့်ကိစ္စတွင်မဆို သေဆုံးသူ သို့မဟုတ် လူမွဲခံယူလွှဲပြောင်းခွင့်ရှိစဉ်က လျှောက်ထား သည့်အခါ မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခြင်း သို့မဟုတ် ဆိုင်းငံ့ထားခြင်း ပြုလုပ်နိုင်သည်။ ဘုတ်အဖွဲ့သည် အစုရှယ်ယာ လွှဲပြောင်းခြင်းကို မှတ်ပုံတင်ရန် လိုအပ်သော အခြားစာရွက်စာတမ်းနှင့်အတူ တင်ပြသော လွှဲပြောင်းရန်အတွက် လျှောက်လွှာကို လက်ခံရရှိသည့်နေ့မှစ၍ (၂၁) ရက်အတွင်း ငြင်းပယ်နိုင်ပြီး ဘုတ်အဖွဲ့က အစုရှယ်ယာ လွှဲပြောင်းခြင်း ငြင်းပယ်ကြောင်း အကြောင်းပြချက် ပါရှိသည့် ဆုံးဖြတ်ချက် ချမှတ်ရမည်။ ကုမ္ပဏီသည် ငြင်းပယ်သည့် ဆုံးဖြတ်ချက်ကို အကြောင်းပြချက်နှင့်တကွ ထုတ်ပြန် ပြီးနောက် (၇) ရက်အတွင်း လွှဲပြောင်း လက်ခံမည့်သူနှင့် လွှဲပြောင်းမည့်သူတို့ထံ အကြောင်းကြား ရမည်။ ထို့ပြင် ဘုတ်အဖွဲ့သည် ခွင့်ပြုထားသော ငြင်းဆိုကာလကို အနည်းဆုံးဖြစ်ရန် ကြိုးစားရမည်။

၃၃။ ပုဂ္ဂိုလ်တစ်ဦးသည် အစုရှယ်ယာတစ်စုကို အထက်ပါအတိုင်း ပိုင်ဆိုင်ခွင့်ရလာလျှင် ထိုသူသည် မူလမှတ်ပုံတင်ထားသူကိုယ်တိုင်ရရှိခဲ့သော အမြတ်ဝေစုများနှင့် အခြားခံစားခွင့်များကို ရရှိခွင့်

ရှိစေရမည်။ သို့သော် ထိုသူသည် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်အဖြစ် မှတ်ပုံတင်ခံရခြင်းမရှိမီ ကုမ္ပဏီအစည်းအဝေးများနှင့်စပ်လျဉ်း၍ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသို့ အပ်နှင်းထားသည့် မည်သည့် အခွင့်အရေးကိုမျှ ရရှိခွင့်ရှိမည် မဟုတ်ပါ။

<u>လွှဲပြောင်းခြင်းစာရွက်စာတမ်းများကို ဆက်လက်ထိန်းသိမ်းထားရှိခြင်းနှင့် ပြန်လည်ပေးအပ်ခြင်း</u>

၃၄။ ကုမ္ပဏီသည်-

(က) အစုရှယ်ယာလွှဲပြောင်းခြင်းများကို မှတ်ပုံတင်စာရင်းသွင်းရန်အတွက် လွှဲပြောင်းခြင်း စာရွက်စာတမ်း အားလုံးကို ဘုတ်အဖွဲ့က ဆုံးဖြတ်သတ်မှတ်သည့် ကာလအတွင်း သို့မဟုတ် ဥပဒေ လိုအပ်ချက်အတိုင်း ထိန်းသိမ်းထားရှိရမည်။

(ခ) လိမ်လည်ကြောင်း သို့မဟုတ် လိမ်လည်ကြောင်း သံသယဖြစ်ဖွယ်ရှိသည့် ကိစ္စမှတစ်ပါး ဘုတ်အဖွဲ့က မှတ်ပုံတင်စာရင်းသွင်းပေးရန် ငြင်းပယ်သည့် အစုရှယ်ယာ လွှဲပြောင်းခြင်း စာရွက်စာတမ်းများကို ပြန်တောင်းပါက ပေးပို့သူထံ ပြန်လည်ပေးပို့ရမည်။

## အခန်း (၇)

## မတည်ငွေရင်း ပြောင်းလဲပြင်ဆင်ခြင်း

၃၅။ ကုမ္ပဏီသည် ဥပဒေက ခွင့်ပြုသည့်အပြုအမူအတိုင်း ၎င်း၏မတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်နိုင်သည်။ ဥပဒေကို အထောက်အထားပြု လိုက်နာလျက် ကုမ္ပဏီ၏ အစုရှယ်ယာမတည်ငွေရင်းကို ပြောင်းလဲပြင်ဆင်ရန် ဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်မှုရှိစေရန် ဘုတ်အဖွဲ့က လိုအပ်သလို ဆောင်ရွက်နိုင်သည်။

၃၆။ အစုရှယ်ယာသစ်များသည်လည်း မူလမတည်ငွေရင်းပါ အစုရှယ်ယာများနည်းတူ တောင်းခံခြင်းများကို ပေးချေရန် တရားဝင်ထိန်းသိမ်းထားပိုင်ခွင့်၊ လွှဲပြောင်းခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ သိမ်းယူခြင်းနှင့် အခြားနည်းဆောင်ရွက်ခြင်း စသည့်သတ်မှတ်ချက်များနှင့် အကျုံးဝင်စေရမည်။

၃၇။ ကုမ္ပဏီသည် အထူးအထွေထွေအစည်းအဝေးတွင် သာမန်ဆုံးဖြတ်ချက်များအရ -

(က) လက်ရှိအစုရှယ်ယာအရေအတွက်ကို ပေါင်းစည်းခြင်းဖြင့် မူလအစုရှယ်ယာထက် စုပေါင်းကျစ်လျစ်သော အစုရှယ်ယာများဖြစ်အောင် ဖန်တီးနိုင်သည်။

(ခ) လက်ရှိအစုရှယ်ယာများဖြစ်စေ၊ အခြား မည်သည့် အစုရှယ်ယာများကိုမဆိုဖြစ်စေ၊ မူလအစုရှယ်ယာ အရေအတွက်ထက် ထပ်မံ ခွဲစိတ်ခြင်းဖြင့် အစုရှယ်ယာအရေအတွက် တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အစုရှယ်ယာအရေအတွက်ထက် တိုးပွား ခွဲစိတ်သော အစုရှယ်ယာများဖြစ်အောင် ခွဲစိတ်နိုင်သည်။

(ဂ) ဆုံးဖြတ်ချက် ချမှတ်သည့်နေ့တွင် ရယူခြင်း မပြုရသေးသော သို့မဟုတ် ရယူရန် သဘောတူခြင်း မရှိသေးသော မည်သည့်အစုရှယ်ယာများကိုမဆို ပယ်ဖျက်နိုင်သည်။

၃၈။ ကုမ္ပဏီသည် အစုရှယ်ယာမတည်ငွေရင်းနှင့် မည်သည့် မတည်ငွေရင်း အာမခံ အထူးရန်ပုံငွေကို မဆို လျှော့ချခြင်းကို အထူးဆုံးဖြတ်ချက်များဖြင့် ဥပဒေ ပုဒ်မ ၁၁၅ က လက်ခံ ခွင့်ပြုထားသည့် ဘောင်အတွင်းမှ မည်သည့်နည်းဖြင့်မဆို ပြုလုပ်နိုင်သည်။

၃၉။ ကုမ္ပဏီ၏ အစုရှယ်ယာများကို ဥပဒေက လက်ခံခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ ပြန်လည်ဝယ်ယူနိုင်သည်။

၄၀။ ကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူခြင်းနှင့် သက်ဆိုင်သည့် ငွေကြေးအထောက်အပံ့များကို ဥပဒေက လက်ခံခွင့်ပြုထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၈)

## နိုင်ငံခြားသားအစုရှင်များ

၄၁။ မည်သည့်အချိန်အခါမဆို ကုမ္ပဏီသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် နိုင်ငံခြားကုမ္ပဏီအဖြစ် ပြောင်းလဲခြင်းမရှိစေရန် ကုမ္ပဏီတွင် ပါဝင်သူအစုရှင်များအား အစုရှယ်ယာရောင်းချရာတွင်ဖြစ်စေ၊ အစုရှယ်ယာ လွှဲပြောင်းရာတွင်းဖြစ်စေ အထူးဂရုပြုရမည်။ နိုင်ငံခြားပိုင်ဆိုင်မှုကို တည်ဆဲမြန်မာနိုင်ငံကုမ္ပဏီများဥပဒေမှ ခွင့်ပြုသည့် ရာခိုင်နှုန်းအထိသာ အများဆုံး ဖြစ်စေရမည်။

၄၂။ ကုမ္ပဏီ၏ နိုင်ငံခြားပိုင်ဆိုင်မှုကို တွက်ချက်သည့်အခါ မှတ်တမ်းတင်သည့်နေ့ရက်တစ်ခုခုတွင် နိုင်ငံခြားသားဖြစ်ပါက ၎င်းဝယ်ယူထားသည့် တိုက်ရိုက်အစုရှယ်ယာပိုင်ဆိုင်မှုကိုသာ နိုင်ငံခြားပိုင်ဆိုင်မှုဟု သတ်မှတ်၍ တွက်ချက်ရမည်။

၄၃။ စတော့အိတ်ချိန်းတွင် စာရင်းဝင်ရောင်းဝယ်မှုပြုလုပ်ရာ၌ ကုမ္ပဏီသည် နိုင်ငံခြားပိုင်ဆိုင်မှုကို ခွင့်ပြုမည့် ရာခိုင်နှုန်းကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ လုပ်ငန်းကြီးကြပ်သည့် အဖွဲ့အစည်း၏ ခွင့်ပြုချက် ရရှိပြီးနောက် စတော့အိတ်ချိန်းသို့ ကြိုတင် တင်ပြရမည်။

### နိုင်ငံခြားသားအစုရှင်များ၏ မဲပေးခွင့်

၄၄။ ကုမ္ပဏီသည် နိုင်ငံခြားသားအစုရှင်အပါအဝင် ကုမ္ပဏီတွင် ပါဝင်သူအစုရှင်များအားလုံးက လွယ်ကူချောမွေ့စွာ မဲပေးနိုင်ခွင့် ရရှိအောင် ဆောင်ရွက်ရမည်။

၄၅။ နိုင်ငံခြားပိုင်ဆိုင်မှု ရာခိုင်နှုန်းသည် ကုမ္ပဏီက သတ်မှတ်ထားသည့် ရာခိုင်နှုန်းထက် ကျော်လွန်နေသည့် ကိစ္စတွင် ယင်းကျော်လွန်သည့် ရာခိုင်နှုန်းအတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတစ်ရပ်ရပ်တွင် မဲပေးခွင့် မရှိစေရ။

၄၆။ မဲပေးခွင့်မရှိသည့် နိုင်ငံခြားပိုင်ဆိုင်မှုကို တွက်ချက်ရာတွင် ကုမ္ပဏီနှင့် ဆက်နွယ်ပတ်သက်နေသူများအတွက် အကျိုးအရှိဆုံးဟု ယူဆသော နည်းလမ်းအတိုင်း ဒါရိုက်တာအဖွဲ့က သင့်လျော်သလို ဆုံးဖြတ်ရမည်။

## <u>အခန်း (၉)</u>

## <u>အခွင့်အရေးနှင့်ကန့်သတ်မှုများကို ပြောင်းလဲခြင်းနှင့် ပယ်ဖျက်ခြင်း</u>

**အစုရှယ်ယာအမျိုးအစားနှင့်စပ်လျဉ်း၍ အခွင့်အရေးနှင့်ကန့်သတ်မှုများကို ပြောင်းလဲခြင်းနှင့်ပယ်ဖျက်ခြင်း**

၄၇။ အစုရှယ်ယာများ ထုတ်ပေးသည့် စည်းကမ်းချက်များနှင့် ဥပဒေကို အထောက်အထားပြု လိုက်နာလျက် အစုရှယ်ယာအမျိုးအစားတစ်ရပ်မှ အခြားအမျိုးအစားတစ်ရပ်သို့ ပြန်လည် ပြောင်းလဲခွဲခြားသတ်မှတ်ခြင်း အပါအဝင် မည်သည့် အစုရှယ်ယာ အမျိုးအစားပေါ်တွင်မဆို ပူးတွဲထားသည့် သို့မဟုတ် စည်းနှောင်ထားသည့် အခွင့်အရေးနှင့် ကန့်သတ်ချက်များကို အောက်ပါအတိုင်း ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်-

(က) အဆိုပါအမျိုးအစားရှိ အစုရှယ်ယာရှင်များ၏ အနည်းဆုံး ၇၅% က စာဖြင့် ရေးသားသဘောတူညီချက်ပေးခြင်းဖြင့်။

(ခ) အဆိုပါအမျိုးအစားရှိ အစုရှယ်ယာရှင်များ၏ အစည်းအဝေးမှ ချမှတ်သော အထူး ဆုံးဖြတ်ချက်ဖြင့် သဘောတူညီမှုအရ ဆောင်ရွက်ခြင်းဖြင့်။

**အမျိုးအစားတူအစုရှယ်ယာများ ဆက်လက်ထုတ်ဝေခြင်းဖြင့် ပြောင်းလဲမှုမရှိခြင်း**

၄၈။ အစုရှယ်ယာများ ထုတ်ပေးသည့် စည်းကမ်းချက်များနှင့်အညီ တူညီသော အခွင့်အရေးနှင့် ကန့်သတ်ချက်များရှိသည့် အမျိုးအစားတူအစုရှယ်ယာများ ဆက်လက်ထုတ်ဝေခြင်းဖြင့် မည်သည့် အစုရှယ်ယာအမျိုးအစားပေါ်တွင်မဆို ပူးတွဲထားသည့် သို့မဟုတ် စည်းနှောင်ထားသည့် အခွင့်အရေးများနှင့် ကန့်သတ်ချက်များကို ပြောင်းလဲစေသည်ဟု မှတ်ယူခြင်းမရှိစေရပါ။

**<u>ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအား ပြောင်းလဲခြင်း</u>**

၄၉။ ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်တစ်ဦးစီသည် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်တစ်ဦး ဖြစ်လာသည့်နေ့မှစ၍ ဤဥပဒေနှင့်အညီ ပြုလုပ်ထားသည့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ ပြင်ဆင်ထားချက်များ အားလိုက်နာဆောင်ရွက်ရန် သဘောတူညီကြသည်။

## အခန်း (၁၀)

## အထွေထွေအစည်းအဝေးများ

### ဥပဒေအရ လိုက်နာကျင်းပရသည့် ကုမ္ပဏီအစည်းအဝေး

၅၀။ ဥပဒေ ပုဒ်မ ၁၄၈ ၏ လိုအပ်ချက်အရ ကုမ္ပဏီဖွဲ့စည်း တည်ထောင်သည့်နေ့မှစ၍ ၂၈ ရက် အောက်မနည်း ၆လထက် မများသော ကာလအတွင်း ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသည် ဥပဒေအရ လိုက်နာကျင်းပရသည့် အထွေထွေအစည်းအဝေး ကျင်းပရမည်။ ဥပဒေအရ လိုက်နာကျင်းပရသည့် အစီရင်ခံစာကို ပြုစုပြီး ဒါရိုက်တာများ သို့မဟုတ် ဥက္ကဋ္ဌက မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးစေရမည်။

### နှစ်ပတ်လည် အထွေထွေ အစည်းအဝေး

၅၁။ ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကို ကုမ္ပဏီအား ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် နေ့ရက်မှစ၍ တစ်ဆယ့်ရှစ်လအတွင်းတွင် ကျင်းပပေးစေရမည်။ ထိုသို့ ကျင်းပပြီးနောက် ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် (နောက်ဆုံး ကျင်းပပြီးစီးသွားသော အထွေထွေအစည်းအဝေး ပြီးဆုံး၍ တစ်ဆယ့်ငါးလထက်မပိုသည့်အချိန်၌) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကြီးကို ဥပဒေပါအတိုင်း ခေါ်ယူကျင်းပရမည် သို့မဟုတ် ယင်းနည်းအတိုင်း ခေါ်ယူသည့် အထွေထွေ အစည်းအဝေး ကျင်းပရန် ပျက်ကွက်ခဲ့သည်ရှိသော် နောက်လာမည့် တစ်လအတွင်း ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များအနေဖြင့် အထွေထွေအစည်းအဝေးကို ဒါရိုက်တာများက ခေါ်လေ့ရှိသည့် နည်းလမ်းများအတိုင်း ပုံစံတကျ ခေါ်ယူခွင့်ရှိစေရမည်။

၅၂။ အစည်းအဝေးအကြောင်းကြားစာတွင် ထည့်သွင်းဖော်ပြသည်ဖြစ်စေ၊ မဖော်ပြသည်ဖြစ်စေ နှစ်ပတ်လည် အထွေထွေအစည်းအဝေးလုပ်ငန်းတွင် အောက်ပါတို့ပါဝင်သည်-

(က) ကုမ္ပဏီက နှစ်ပတ်လည် ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊ ဒါရိုက်တာများ၏ အစီရင်ခံစာ နှင့် စာရင်းစစ်အစီရင်ခံစာ တို့ကို လက်ခံအတည်ပြုခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်း၊

(ခ) ဒါရိုက်တာများရွေးချယ်ခြင်းနှင့်

(ဂ) စာရင်းစစ်ခန့်အပ်ခြင်း။

အထက်ဖော်ပြပါ အစည်းအဝေးများကို အထွေထွေအစည်းအဝေးများဟု ခေါ်ဆို၍ ကျန်အစည်းအဝေး များကို အထူးအစည်းအဝေးများဟု ခေါ်ဆိုရမည်။

၅၃။ ဒါရိုက်တာများသည် သင့်လျော်သည်ဟု ယူဆသည့် မည်သည့်အချိန်၌မဆို၊ အထူးအထွေထွေ အစည်းအဝေးကို ခေါ်ယူနိုင်သည်။ ထို့ပြင် တောင်းဆိုခြင်းပြုလာ၍သော်လည်းကောင်း၊ သို့မဟုတ် အစည်းအဝေးကျင်းပရန် ပျက်ကွက်ပါကလည်းကောင်း၊ အထူးအထွေထွေအစည်းအဝေးကို ခေါ်စေနိုင်သည်။ အကယ်၍ မည်သည့်အချိန်တွင်မဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အစည်းအဝေးအထမြောက်နိုင်လောက်သော ဒါရိုက်တာများအရေအတွက် မရှိပါက မည်သည့် ဒါရိုက်တာမဆိုလည်းကောင်း၊ ကုမ္ပဏီ၏ ပါဝင်သူ အစုရှင်များကသော်လည်းကောင်း၊ ဥပဒေ နှင့်အညီ ဒါရိုက်တာများက အစည်းအဝေးကို ခေါ်ယူစေသည့် နည်းလမ်းများအတိုင်း အထူး အထွေထွေ အစည်းအဝေးကို ခေါ်ယူနိုင်သည်။

## အခန်း (၁၁)

## အထွေထွေ အစည်းအဝေးကြီးများတွင် ဆောင်ရွက်ချက်များ

၅၄။ ဥပဒေ ပုဒ်မ ၁၅၂ ပုဒ်မခွဲ (က) ပါ အထူးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကို လိုက်နာလျက် အနည်းဆုံး ၂၈ ရက် ကြိုတင်၍ နို့တစ်စာကို (နို့တစ်စာ ထုတ်သည့်နေ့ သို့မဟုတ် နို့တစ်စာထုတ်ပြီးဖြစ်သည်ဟု သဘောဆောင်သောနေ့ကို ဖယ်ထုတ်လျက်၊ သို့သော် နို့တစ်စာ ပေးအပ်ပြီးသည့်နေ့အပါအဝင် ထည့်သွင်းရေတွက်ရမည်) အစည်းအဝေး ကျင်းပမည့် အချိန်၊ နာရီ၊ နေ့ရက်နှင့် နေရာတို့ကို ဖော်ပြလျက် ပါဝင်သူ အစုရှင်များအား ဖိတ်ကြားရမည်။ အထွေထွေ အစည်းအဝေး ကျင်းပရန် အကြောင်းကြားစာကို ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေတို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များနှင့် ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းနှင့် ဥပဒေတို့အရ အကြောင်းကြားစာ ပေးပို့ရန် လိုအပ်သူများထံ ပေးပို့ရမည်။ ထိုသို့ပေးပို့ရာတွင် အကြောင်းကြားစာနှင့်အတူ လိုအပ်သော သတင်းအချက်အလက်များ ဥပဒေနှင့်အညီ လိုအပ်ချက်အတိုင်း ပူးတွဲပါရှိစေရမည်။ အထူးလုပ်ငန်းရပ်ကိစ္စရပ်အတွက်ဖြစ်စေ၊ ယင်းလုပ်ငန်း၏ ယေဘူယျသဘောအနေအထားအရ ဆက်လက် ဖော်ပြမည့် နည်းလမ်းအတိုင်း နို့တစ်စာချအပ်ရမည်။ သို့မဟုတ် အခြားနည်းလမ်းရှိခဲ့လျှင် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးက သတ်မှတ်နိုင်သည်။ နို့တစ်စာ ချအပ်ဖိတ်ကြားရာတွင် ဥပဒေ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများအရ နို့တစ်စာ လက်ခံခွင့်ရှိသူများထံ ပေးအပ်ဖိတ်ကြား ရမည်။ သို့သော် နို့တစ်စာ ပေးအပ်ရန် မတော်တဆ ချန်လှပ်မိခြင်း သို့မဟုတ် မည်သည့် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်မဆို နို့တစ်စာ လက်ခံ ရရှိမှုမရှိခြင်း အကြောင်းကြောင့် မည်သည့် အထွေထွေအစည်းအဝေး တွင်မဆို ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များကို ပျက်ပြယ်စေခြင်း မဖြစ်စေရ။

### ဒါရိုက်တာများနှင့် စာရင်းစစ်များလည်း အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာ ရထိုက်ခွင့်ရှိခြင်း

၅၅။ ဒါရိုက်တာနှင့် စာရင်းစစ်သည် အထွေထွေအစည်းအဝေးအားလုံးတွင် အကြောင်းကြားစာ ရရှိရန် တက်ရောက်ရန်နှင့် တင်ပြပြောဆိုရန် ရထိုက်ခွင့်ရှိသည်။

### ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်သည် အစည်းအဝေးတက်ရောက်သည်ဟု မှတ်ယူခြင်း

၅၆။ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်တစ်ဦးသည် အထွေထွေအစည်းအဝေးတွင် တက်ရောက်နိုင်ပြီး အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်အရလည်း အစည်းအဝေးတွင် တက်ရောက်သည်ဟု မှတ်ယူနိုင်သည်-

(က) ကိုယ်တိုင်တက်ရောက်ခြင်း၊ သို့မဟုတ်

(ခ) တရားဝင်လွှဲအပ်ထားသော အကျိုးဆောင်ကိုယ်စားလှယ် (Attorney) ဖြင့် တက်ရောက်ခြင်း၊ သို့မဟုတ်

(ဂ) ကိုယ်စားလှယ် (Proxy) ဖြင့် တက်ရောက်ခြင်း၊ သို့မဟုတ်

(ဃ) ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်သည် (ကုမ္ပဏီ/ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခု) ဖြစ်ပါက ကုမ္ပဏီ ကိုယ်စားပြု ပုဂ္ဂိုလ်ဖြင့် တက်ရောက်ခြင်း။

**<u>ကုမ္ပဏီတွင် ပါဝင်သူအစုရှင်၏ တရားဝင်လွှဲအပ်ထားသော အကျိုးဆောင်ကိုယ်စားလှယ်</u>**

၅၇။ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်သည် သတ်မှတ်ကာလအတွင်း ကျင်းပသည့် အထွေထွေ အစည်းအဝေးတွင်ဖြစ်စေ၊ အထွေထွေအစည်းအဝေးတစ်ခုခု သို့မဟုတ် အားလုံးတွင်ဖြစ်စေ ၎င်းတို့ကိုယ်စား ဆောင်ရွက်ရန် တရားဝင် လွှဲအပ်ထားသော အကျိုးဆောင်ကိုယ်စားလှယ်ကို ခန့်ထားနိုင်သည်။ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်ကိုယ်စား အကျိုးဆောင်ကိုယ်စားလှယ်က ဆောင်ရွက်မည့် ပထမအစည်းအဝေး မကျင်းပမီ (၇၂)နာရီအောက် မနည်းစေဘဲ ကိုယ်စားလှယ်လွှဲစာကို ကုမ္ပဏီ၏ ရုံးခန်းတွင်ဖြစ်စေ အစည်းအဝေး အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြသည့် နေရာတွင်ဖြစ်စေ တင်ပြထားရမည်။ အထွေထွေအစည်းအဝေးမှ ဥက္ကဋ္ဌက တောင်းဆိုသည့်အခါ ပြန်လည် မရုပ်သိမ်းနိုင်သောကိုယ်စားလှယ်လွှဲစာကို ဥက္ကဋ္ဌထံ တင်ပြရမည်။ ဥပဒေကို အထောက်အထားပြု လိုက်နာလျက် အကျိုးဆောင်ကိုယ်စားလှယ်၏ တရားဝင်မှုကို ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌမရှိလျှင် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် စည်းနှောင်မှု ရှိစေရမည်။

**<u>ကုမ္ပဏီ/ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခု၏ ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်</u>**

၅၈။ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်သည် ကုမ္ပဏီ/ကော်ပိုရေးရှင်းအဖွဲ့အစည်းတစ်ခုဖြစ်ပါလျှင် ဥပဒေအရ လူပုဂ္ဂိုလ်တစ်ဦးဦးကို ၎င်း၏ ကိုယ်စားလှယ်အဖြစ် သတ်မှတ်ကာလအတွင်း ကျင်းပ သည့် အထွေထွေ အစည်းအဝေးတွင်ဖြစ်စေ၊ အထွေထွေအစည်းအဝေးတစ်ခုခု သို့မဟုတ် အားလုံး တွင်ဖြစ်စေ ၎င်း၏ကိုယ်စား ဆောင်ရွက်ရန် အခွင့်အာဏာပေး၍ ခန့်ထားနိုင်သည်။ ထိုကုမ္ပဏီ ကိုယ်စားပြုပုဂ္ဂိုလ်သည် ၎င်းကိုခန့်အပ်သည့် ကုမ္ပဏီ/ကော်ပိုရေးရှင်း အဖွဲ့အစည်းဖြစ်သည့် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်ကဲ့သို့ အာဏာရှိပြီး ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ခြင်းများတွင်လည်း ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်ကဲ့သို့ မဲပေးခြင်း ဆောင်ရွက်နိုင်သည်။

**<u>အထွေထွေအစည်းအဝေးအထမြောက်ရန် လိုအပ်သည့်ဦးရေ</u>**

၅၉။ အစည်းအဝေးထမြောက်စေရန် လိုအပ်သော ပါဝင်သူ အစုရှင်ဦးရေ ပြည့်စုံစွာ တက်ရောက်ခြင်း မပြုမီ အစည်းအဝေးစတင်ရန် အချိန်ကျရောက်စေကာမူ မည်သည့်အထွေထွေ အစည်းအဝေးတွင်မျှ လုပ်ငန်းကိစ္စကို ဆောင်ရွက်ခြင်းမပြုရ။ ဤတွင် အခြားနည်း သတ်မှတ်ချက်များ စီစဉ်ထားပြီး ရှိသည်များမှတစ်ပါး ကုမ္ပဏီတွင်ပါဝင်သူ အစုရှင် ငါးဦး ကိုယ်တိုင်တက်ရောက်မှ အစည်းအဝေး အထမြောက်စေသော ဦးရေပြည့်စုံသည်ဟု သတ်မှတ်သည်။

**<u>အစည်းအဝေးအထမြောက်ရန် အနည်းဆုံးဦးရေ တက်ရောက်မှုမရှိခြင်း</u>**

၆၀။ ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များ တောင်းဆိုချက်အရ ခေါ်ယူထားသော အစည်းအဝေးအတွက် ချိန်းဆိုထားသော အချိန်ကျရောက်ပြီး နာရီဝက်အတွင်း အစည်းအဝေး အထမြောက်စေမည့်

ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်ဦးရေ တက်ရောက်ခြင်းမရှိလျှင်၊ အဆိုပါ အစည်းအဝေးကို ဖျက်သိမ်းရမည်။ အခြားကိစ္စတစ်ရပ်ရပ်ကြောင့်ဖြစ်လျှင် အစည်းအဝေးကို တူညီသောနေ့၊ တူညီသောအချိန်၊ တူညီသောနေရာ၌ပင် နောက်ရက်သတ္တပတ်သို့ ရွှေ့ဆိုင်းထားရမည်။ အကယ်၍ ရွှေ့ဆိုင်းထားသောနေ့ရက်တွင် ကျင်းပမည့် အစည်းအဝေး၌ အစည်းအဝေး အထမြောက်စေရန် တက်ရောက်ရမည့် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်ဦးရေသည် ချိန်းဆိုထားသော အချိန်ကျရောက်ပြီးနာရီဝက်အတွင်း တက်ရောက်လာခြင်း မရှိလျှင် တက်ရောက်လာသမျှသော ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များသည် အစည်းအဝေး အထမြောက်စေသည့် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်ဦးရေ ဖြစ်စေရမည်။

## အထွေထွေအစည်းအဝေးဥက္ကဋ္ဌ

၆၁။ အထွေထွေအစည်းအဝေးတိုင်းတွင် ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ၊ ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ မရှိက ဘုတ်အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ (ရှိလျှင်) သည် အစည်းအဝေး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရှိသည်။ ဘုတ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများမရှိဘဲ ၎င်းတို့နှစ်ဦးသည် အစည်းအဝေးစရန် သတ်မှတ်ချိန် နောက်ပိုင်း မိနစ် ၃၀ အတွင်း တက်ရောက်လာခြင်းမရှိလျှင် သို့မဟုတ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လိုခြင်း မရှိကြလျှင်၊ တက်ရောက်လာကြသည့် ဘုတ်အဖွဲ့က အစည်းအဝေး ဥက္ကဋ္ဌကို ရွေးချယ်နိုင်သည်။ ဘုတ်အဖွဲ့က ထိုသို့ ရွေးချယ်ပေးခြင်းမရှိလျှင် တက်ရောက်လာကြသည့် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များက ဒါရိုက်တာတစ်ဦးကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။ အကယ်၍ ဒါရိုက်တာတစ်ဦးမျှ တက်ရောက်လာခြင်းမရှိလျှင် သို့မဟုတ် ဒါရိုက်တာတစ်ဦး တစ်ယောက်ကမျှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လိုခြင်း မရှိလျှင် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသည် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင် များထဲမှ တစ်ဦးကို (သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်၊ တရားဝင် လွှဲအပ်ထားသော အကျိုးဆောင် ကိုယ်စားလှယ် သို့မဟုတ် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်) ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

၆၂။ အထွေထွေအစည်းအဝေး၏ ဥက္ကဋ္ဌသည် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခဖြစ်ပွားခြင်း သို့မဟုတ် ၎င်းတို့၏ ဆင်ခြင်တုံတရားအရ အစည်းအဝေး၏ အစီအစဉ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစီအစဉ်များတွင် ဆောင်ရွက်ရန် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ရန် ဘုတ်အဖွဲ့ဝင်များအထဲမှ တစ်ဦးကို (သို့မဟုတ် ၎င်းတို့၏ ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသော အကျိုးဆောင် ကိုယ်စားလှယ် သို့မဟုတ် ကုမ္ပဏီကိုယ်စားပြုပုဂ္ဂိုလ်) ကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်သည်။ ထိုသို့ ဥက္ကဋ္ဌ တာဝန်ခန့်အပ်ခြင်းခံရသူသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ဥပဒေတို့အရ အပ်နှင်းသော ဥက္ကဋ္ဌ၏ အခွင့်အာဏာနှင့် ဆင်ခြင်တုံတရားကို ယင်းအစီအစဉ်များအတွက်သာလျှင် ကျင့်သုံးနိုင်သည်။ ထိုသို့ ခန့်အပ်သည့် တာဝန်ပြီးဆုံးပြီးနောက်တွင် ၎င်းသည် ဥက္ကဋ္ဌ နေရာတွင် ပြန်လည်၍ ဆက်လက် ဆောင်ရွက်ရမည်။

## ဥက္ကဋ္ဌ၏ အခွင့်အာဏာများ

၆၃။ အထွေထွေအစည်းအဝေး၏ ဥက္ကဋ္ဌသည် အစည်းအဝေး၏ လုပ်ထုံးလုပ်နည်းများနှင့် ယေဘုယျ ပြုမူဆောင်ရွက်ရန်ကိစ္စများကို တာဝန်ယူရသည်။ ယေဘုယျ ပြုမူဆောင်ရွက်ချက်များနှင့် လုပ်ထုံးလုပ်နည်းတို့နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အပြီးသတ်နှင့် အတည်ဖြစ်စေရမည်။

၆၄။ မည်သည့် အထွေထွေအစည်းအဝေးတွင်မဆို အစည်းအဝေး ဥက္ကဋ္ဌက ဆုံးဖြတ်ချက်ကို ချမှတ်ပြီး သို့မဟုတ် သတ်မှတ်မဲအများစုဖြင့် ချမှတ်ပြီး သို့မဟုတ် မချမှတ်သေးကြောင်း ကြေညာပြီး ထိုသို့ အကျိုးသက်ရောက်မှုကို အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းတင်လျှင် ထိုကြေညာချက်သည် အဆိုပါဆုံးဖြတ်ချက်ကို ထောက်ခံသည့်မဲ သို့မဟုတ် ကန့်ကွက်သည့် မဲအရေအတွက်နှင့် အချိုး

အစားတို့ကို မှတ်တမ်းတင်ခြင်းရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ထိုကြေငြာချက်သည် အပြီးသတ် သက်သေခံချက် ဖြစ်သည်။

၆၅။ မည်သည့် အထွေထွေအစည်းအဝေးတွင်မဆို ဆုံးဖြတ်ချက်တစ်ရပ်အတွက် မဲပေးခြင်းကို လက်များပြခြင်းဖြင့် ဆုံးဖြတ်နိုင်သည်။ (လက်များပြ၍ရရှိသောအဖြေကို ကြေညာနေစဉ်ဖြစ်စေ၊ ကြေငြာခြင်း မပြုမီတွင် ဖြစ်စေ) ဥက္ကဋ္ဌကဖြစ်စေ၊ အစည်းအဝေး တက်ရောက်လာသူ အစုရှယ်ယာရှင် အများစုကဖြစ်စေ၊ မဲပေးသူစာရင်းကို တောင်းဆိုခြင်းမပြုလျှင်၊ ထို့အပြင် မဲပေးသူစာရင်းကို တောင်းဆိုခဲ့ပြီး မဟုတ်လျှင် လက်များပြ၍ မဲပေးခြင်းဖြင့် ဆုံးဖြတ်သော ဆုံးဖြတ်ချက်တစ်ရပ်တွင် အတည်ပြုကြောင်း သို့မဟုတ် အများ သဘောတူအတည်ပြုကြောင်း သို့မဟုတ် အများစု၏ သဘောဆန္ဒအရ အတည်ဖြစ်ကြောင်း သို့မဟုတ် ရှုံးနိမ့်သွားကြောင်းတို့သည် ဥက္ကဋ္ဌ၏ကြေညာချက်တစ်ရပ်တွင် ပါဝင်ပြီးဖြစ်သည်။ ထို့ပြင် အဆိုပါ အကျိုးသက်ရောက်မှုကို ကုမ္ပဏီ၏ ဆောင်ရွက်မှု မှတ်တမ်းစာအုပ်တွင် ရေးသွင်းချက်တစ်ရပ် ပြုလုပ်ခြင်းသည် ထောက်ခံမဲ သို့မဟုတ် ကန့်ကွက်မဲ အရေအတွက်ကို သော်လည်းကောင်း၊ အချိုးအဆကို သော်လည်းကောင်း၊ သက်သေထင်ရှားပြရန်မလိုပဲ၊ ယင်းဆုံးဖြတ်ချက်အတွက် လုံလောက်သည့် အပြီးသတ် သက်သေခံချက် ဖြစ်စေရမည်။

၆၆။ အကယ်၍ မဲဆန္ဒပေးသူစာရင်းကို နည်းလမ်းတကျတောင်းဆိုလာပါက ဥက္ကဋ္ဌ၏ ညွှန်ကြားချက်အတိုင်း စာရင်းကောက်ယူရမည်။ ထို့အပြင် ကောက်ယူရရှိသော မဲဆန္ဒစာရင်း အဖြေသည် မဲပေးသူစာရင်း ကောက်ယူရန် တောင်းဆိုသည့် အစည်းအဝေး၏ ဆုံးဖြတ်ချက်ဟု မှတ်ယူရမည်။

၆၇။ လက်များပြခြင်းဖြစ်စေ၊ မဲဆန္ဒစာရင်းကောက်ယူခြင်းဖြစ်စေ၊ ဆောင်ရွက်ရာတွင် ဆန္ဒမဲများတူညီနေသည့် ကိစ္စရပ်တွင် ဥက္ကဋ္ဌသည် အစည်းအဝေးတွင် လက်ပြခြင်းဖြစ်စေ၊ မဲဆန္ဒပေးသူစာရင်းတွင် ပါဝင်၍ ဖြစ်စေ ဒုတိယ သို့မဟုတ် ဆုံးဖြတ်မဲတစ်မဲပေးပိုင်ခွင့်ရှိရမည်။

၆၈။ အစည်းအဝေး ဥက္ကဋ္ဌတစ်ဦး ရွေးချယ်တင်မြှောက်ရာတွင်ဖြစ်စေ၊ အစည်းအဝေးရွှေ့ဆိုင်းရန်ကိစ္စပေါ်ပေါက်လာလျှင်ဖြစ်စေ၊ အဆုံးအဖြတ်တစ်ခုရယူရာတွင်ဖြစ်စေ၊ ယင်းအတွက်ဆန္ဒမဲပေးသူစာရင်း ကောက်ယူခြင်းကို ချက်ချင်းဆောင်ရွက်ရမည်။ အခြား မည်သည့်ကိစ္စအတွက်မဆို တောင်းဆိုသော ဆန္ဒမဲပေးသူစာရင်း ကောက်ယူခြင်းကို အစည်းအဝေးသဘာပတိ၏ ညွှန်ကြားသည့်အချိန်တွင် ဆောင်ရွက်ရမည်။

## <u>အထွေထွေအစည်းအဝေးကို ရွှေ့ဆိုင်းခြင်း</u>

၆၉။ အစည်းအဝေးအထမြောက်စေသည့် ပါဝင်သူ အစုရှင်ဦးရေ တက်ရောက်၍ အထမြောက်သော မည်သည့် အစည်းအဝေး၏ သဘောတူညီချက်အရ သဘာပတိသည် အစည်းအဝေးကို တစ်နေရာသို့ဖြစ်စေ၊ အချိန်တစ်ချိန်မှ တစ်ချိန်သို့ဖြစ်စေ ရွှေ့ဆိုင်းနိုင်သည်။ သို့သော် ရွှေ့ဆိုင်းအစည်းအဝေး၌ ဆောင်ရွက်ရန် ကျန်ရှိခဲ့သည့် မပြီးပြတ်သေးသော လုပ်ငန်းကိစ္စမှတစ်ပါး အခြားမည်သည့်လုပ်ငန်းကိစ္စကိုမျှ ဆောင်ရွက်ခြင်း မပြုရ။ အစည်းအဝေးအတွက် နို့တစ်စာကို မူလအစည်းအဝေးတစ်ရပ်အတွက်ကဲ့သို့ပင် ပေးပို့ရမည်။ အထက်ဖော်ပြပါ အတိုင်းမှတစ်ပါး၊ အစည်းအဝေး ရွှေ့ဆိုင်းခြင်းတစ်ရပ်အတွက်ဖြစ်စေ၊ ရွှေ့ဆိုင်းအစည်းအဝေးတစ်ရပ်တွင် ဆောင်ရွက်ရန် လုပ်ငန်းကိစ္စရပ်အတွက်ဖြစ်စေ၊ မည်သည့် နို့တစ်စာကိုမျှ ချအပ်ပေးရန် လိုအပ်ခြင်း မရှိစေရ။

**အထွေထွေအစည်းအဝေးရွှေ့ဆိုင်းကြောင်း အကြောင်းကြားခြင်း**

၇၀။ အထွေထွေအစည်းအဝေးတစ်ခုကို ရက်ပေါင်း (၂၈) ရက်ထက်ပို၍ ရွှေ့ဆိုင်းမည်ဆိုပါက ထိုသို့ ရွှေ့ဆိုင်းကြောင်း အကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များအားလုံးနှင့် ဤဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ဥပဒေအရအကြောင်းကြားစာ ရထိုက်ခွင့်ရှိသည့် အခြား သက်ဆိုင်သူများ အားလုံးထံ မူလအစည်းအဝေး ကျင်းပစဉ်ကကဲ့သို့ ထုတ်ပေးရမည်။

## အခန်း (၁၂)

## မဲပေးခြင်း

### မဲအများစုဖြင့် ချမှတ်သည့် ဆုံးဖြတ်ချက်

၇၁။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် ဥပဒေအရ အခြားသတ်မှတ်မဲ အရေအတွက် ထောက်ခံမှုဖြင့် ဆုံးဖြတ်ရန်လိုသည့် ကိစ္စရပ်မှအပ အထွေထွေအစည်းအဝေးတွင် အဆိုပြု ဆုံးဖြတ်ချက်များအားလုံးကို သာမန်မဲအများစု ထောက်ခံမဲဖြင့် ဆုံးဖြတ်ရမည်။

၇၂။ လက်များပြ၍မဲပေးခြင်းတွင် ကိုယ်တိုင်သို့မဟုတ် ကိုယ်စားခန့်၍ တက်ရောက်နေသော ပါဝင်သူ အစုရှင်တိုင်းသည် မဲတစ်မဲပေးခွင့်ရှိသည်။ မဲပေးသူစာရင်းကောက်ယူခြင်းတွင် ပါဝင်သူ အစုရှင်တိုင်းသည် မိမိပိုင်ဆိုင်သော အစုရှယ်ယာတစ်စုစီအတွက် မဲတစ်မဲစီ ပေးပိုင်ခွင့်ရှိသည်။

၇၃။ ပူးတွဲပိုင်ဆိုင်သူများကိစ္စ၌ အမည်ဝါစဉ် အရင့်ဆုံး ပုဂ္ဂိုလ်ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့် ဖြစ်စေပေးသော မဲတစ်မဲကို ကျန်ရှိသော ပူးတွဲပိုင်ဆိုင်သူများ၏ မဲများအား ထုတ်ပယ်လျက် လက်ခံရမည်။ အဆိုပါ ဝါရင့်မှုကိစ္စအလို့ငှာ ပါဝင်သူအစုရှင်များ၏ မှတ်ပုံတင်စာရင်းပါ အမည်နာမ ရပ်တည်မှု အစီအစဉ်အတိုင်း ဆုံးဖြတ်ရမည်။

၇၄။ စိတ်မမှန်သူ ပါဝင်သူ အစုရှင်တစ်ဦး သို့မဟုတ် စီရင်ပိုင်ခွင့်အာဏာရှိသော မည်သည့် တရားရုံးကမဆို ရူးသွပ်ကြောင်း အမိန့်တစ်ရပ်ချမှတ်ခံရပြီးသူ ပါဝင်သူ အစုရှင်အတွက် အဆိုပါ ပုဂ္ဂိုလ်၏ ကိုယ်စားလှယ်ကဖြစ်စေ၊ အခြား တရားဝင် အုပ်ထိန်းသူကဖြစ်စေ လက်များပြ၍ မဲပေးခြင်းစနစ်အရသော်လည်းကောင်း၊ မဲပေးသူ စာရင်းကောက်ယူခြင်းအရသော်လည်းကောင်း၊ မဲပေးပိုင်ခွင့်ရှိသည်။ ထို့ပြင် မဲစာရင်းကောက်ယူ ခြင်းနည်းဖြင့် မဲပေးရာတွင် အဆိုပါ ကိုယ်စားလှယ် သို့မဟုတ် တရားဝင်အုပ်ထိန်းသူမဆို ကိုယ်စား လွှဲအပ်ခြင်းဖြင့် မဲပေးနိုင်သည်။

၇၅။ ဆန္ဒမဲပေးရာတွင် ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မဲပေးနိုင်ခွင့်ရှိသည်။ သို့သော် ဥပဒေပုဒ်မ ၁၅၃ (က) ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ အစုရှင်ဖြစ်သော ကုမ္ပဏီ၏ ကိုယ်စားပြု ပုဂ္ဂိုလ်အနေဖြင့် အစည်းအဝေး တက်ရောက်ခြင်း မပြုနိုင်ပါက အဆိုပါ ကုမ္ပဏီ၏ အခြားပုဂ္ဂိုလ် တစ်ဦးကို ယင်းကုမ္ပဏီ၏ ဘုတ်အဖွဲ့ ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် ခန့်အပ်ပြီး မဲပေးပိုင်ခွင့်ရှိသည်။

## ဥက္ကဋ္ဌ၏အဆုံးအဖြတ်မဲ

၇၆။ အထွေထွေအစည်းအဝေးတွင် ဆုံးဖြတ်ချက်အတွက် လက်ပြမဲပေးခြင်းဖြစ်စေ၊ မဲခွဲဆုံးဖြတ်ခြင်း ဖြစ်စေ မဲပေးရန်ရှိပြီး နှစ်ဖက်မဲအရေအတွက် တူညီနေပါက အစည်းအဝေး ဥက္ကဋ္ဌသည် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်ကိုယ်စားလှယ်၊ တရားဝင်လွှဲအပ်ထားသော ဥပဒေအကျိုးဆောင်နှင့် ကုမ္ပဏီ ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ် ရှိထားသော မဲများအပြင် အဆုံးအဖြတ်မဲကိုလည်း ထပ်မံ၍ ပေးနိုင်သည်။

## ကိုယ်စားလှယ်က မဲပေးခြင်း

၇၇။ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူတစ်ဦးကို ဘုတ်အဖွဲ့မှ သတ်မှတ်ထားသော ပုံစံဖြင့်ဖြစ်စေ၊ စာချုပ် စာတမ်းဖြင့် ခန့်ထားရာတွင် လွှဲအပ်သူကိုယ်တိုင် လက်ရေးဖြင့်ဖြစ်စေ၊ လွှဲအပ်သူက အခွင့် အာဏာ ပေးထားသည့် ကိုယ်စားဆောင်ရွက်သူက ကိုယ်တိုင် နည်းလမ်းတကျ ရေးသား၍ဖြစ်စေ၊ စာဖြင့် ခန့်ထားရမည်။ အကယ်၍ လွှဲအပ်သူသည် ကုမ္ပဏီ/ ကော်ပိုရေးရှင်းတစ်ခုခုဖြစ်လျှင် ယင်း၏ အသုံးပြုမြဲ ရုံးတံဆိပ်ခတ်နှိပ်လျက်သော် လည်းကောင်း အခွင့်အာဏာပေးထားသည့် အရာရှိတစ်ဦး သို့မဟုတ် ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကသော်လည်းကောင်း ရေးသားလျက် လွှဲအပ်ခန့်ထား ရမည်။ ကိုယ်စားလှယ်အဖြစ် မဲပေးရန် လွှဲအပ်ခြင်းခံရသူသည် ကုမ္ပဏီ၏ ပါဝင်သူ အစုရှင်ဖြစ်ရန် မလိုပါ။ သို့သော် ၎င်းသည် အရွယ်ရောက်ပြီး ပဋိညာဉ်ပြုနိုင်သူတစ်ဦး ဖြစ်ပြီး စိတ်ပေါ့သွမ်းသူ မဖြစ်ရပါ။ အကယ်၍ ကုမ္ပဏီတွင် ပါဝင်သူအစုရှင်သည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ဥပဒေ ပုဒ်မ ၁၅၃ (က) နှင့်အညီ ယင်းကုမ္ပဏီ၏ အရာရှိတစ်ဦးဦးကို ဖြစ်စေ၊ အခြားတစ်ဦးဦးကို ဖြစ်စေ အာဏာအပ်နှင်း၍ ကိုယ်စား မဲပေးပိုင်ခွင့်ရှိစေရမည်။

၇၈။ ဥပဒေကို အထောက်အထားပြုလိုက်နာလျက် ကိုယ်စားလှယ်သည် အထွေထွေအစည်းအဝေး၌ အဆိုပြု ဆုံးဖြတ်ချက်ကို မဲပေးခြင်း၊ မဲမပေးဘဲနေခြင်းကို ၎င်းဆန္ဒအတိုင်း ရွေးချယ် ဆောင်ရွက်နိုင် သည်။ သို့သော် ၎င်းအား ကိုယ်စားလှယ်အဖြစ် ခန့်အပ်သည့်စာချုပ်တွင် ကိုယ်စားလှယ်သည် မဲပေးရမည် သို့မဟုတ် မဲမပေးဘဲနေရမည်ဟု ညွှန်ကြားထားပါက ညွှန်ကြားသည့်အတိုင်း ပြုလုပ်ရမည်။

## ကိုယ်စားလှယ်၊ တရားဝင် လွှဲအပ်ထားသော အကျိုးဆောင်ကိုယ်စားလှယ် သို့မဟုတ် ကုမ္ပဏီ ကိုယ်စားပြုပုဂ္ဂိုလ်တို့က မဲပေးခြင်း၏တရားဝင်မှု

၇၉။ ကုမ္ပဏီသည် အထွေထွေအစည်းအဝေး မစတင်မီ သို့မဟုတ် ကျင်းပချိန်တွင် အစုရှင်တစ်ဦးသည် အောက်ပါကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သော်လည်း၊ အဆိုပါကိစ္စရပ်ကို စာဖြင့် ရေးသားသည့် အကြောင်း ကြားစာ မရရှိခဲ့ပါလျှင် ၎င်းအစုရှင်အား ကိုယ်စားပြုသည့် ကိုယ်စားလှယ်၊ အကျိုးဆောင် ကိုယ်စား လှယ်၊ ကုမ္ပဏီကိုယ်စားပြု ပုဂ္ဂိုလ်တစ်ဦးဦးက မဲပေးထားရှိခဲ့ပြီး ဖြစ်ပါလျှင် အဆိုပါမဲသည် တရားဝင် သည်-

(က) သေဆုံးခဲ့ခြင်း။

(ခ) စိတ်ပေါ့သွပ်သွားခဲ့ခြင်း။

(ဂ) ခန့်အပ်ထားမှု သို့မဟုတ် အခွင့်အာဏာပေးအပ်မှုကိုပြန်လည်ရုပ်သိမ်းခဲ့ခြင်း။

(ဃ) တတိယပုဂ္ဂိုလ်၏ခန့်အပ်မှုအခွင့်အာဏာကိုပြန်လည်ရုပ်သိမ်းခဲ့ခြင်း။

(င) ခန့်အပ်ခြင်း သို့မဟုတ် အခွင့်အာဏာအပ်နှင်းခြင်းနှင့်စပ်လျဉ်းသည့် အစုရှယ်ယာများကို လွှဲပြောင်းခဲ့ခြင်း။

**<u>အစုရှယ်ယာပူးတွဲပိုင်ဆိုင်သူများ မဲပေးခြင်း</u>**

၈၀။ အပိုဒ်-၉၈ ကို အထောက်အထားပြုလိုက်နာလျက် အစုရှယ်ယာ ပူးတွဲပိုင်ဆိုင်သော ပူးတွဲအစုရှယ်ယာရှင်တစ်ဦးသည် အထွေထွေအစည်းအဝေးတွင် အဆိုပြုဆုံးဖြတ်ချက်အပေါ် ပူးတွဲအစုရှင်ဖြစ်သည့်အားလျော်စွာ အစုရှယ်ယာများအားလုံးအတွက် မဲပေးနိုင်သည်။

၈၁။ အထွေထွေအစည်းအဝေးတွင် ပူးတွဲအစုရှယ်ယာရှင် တစ်ဦးထက်ပို၍ အစည်းအဝေး တက်ရောက်ပါက မဲပေးရာတွင် မှတ်ပုံတင်စာရင်း၌ ဦးစွာ အမည်စာရင်းပါဝင်သူ ပူးတွဲအစုရှယ်ယာရှင်၏ မဲကိုသာ ထည့်သွင်းတွက်ရမည်။

## အခန်း (၁၃)

## ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)

## ပြုလုပ်နိုင်သည့် အခွင့်အာဏာ

၈၂။ ကုမ္ပဏီသည် ဥပဒေ ပုဒ်မ ၂၂၉ တွင် ဖော်ပြထားသည့် ပေါင်နှံခြင်းနှင့် ကြွေးမြီ တာဝန်တင်ရှိခြင်းတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီ သို့မဟုတ် အပေါင်ခံသူ သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းအား လက်ခံသူ သို့မဟုတ် ၎င်းတို့ ကိုယ်စားဆောင်ရွက်သူက ဥပဒေ ပုဒ်မ ၂၃၄ နှင့်အညီ တင်ပြလာသည့် အဆိုပါ ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းတို့ကို မှတ်ပုံတင်ပေးရမည်။

## မှတ်ပုံတင်ခြင်းမပြုလျှင် ပျက်ပြယ်သော ပေါင်နှံခြင်းများ (Mortgages) နှင့် ကြွေးမြီတာဝန်တင်ရှိခြင်း (Charges)

၈၃။ ကုမ္ပဏီက ပြုလုပ်ခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းအားလုံးသည် အောက်ပါအမျိုးအစား တစ်ရပ်ရပ်ဖြစ်ခဲ့လျှင်

(က) မည်သည့်နေရာတွင်မဆို တည်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းတစ်ရပ်ရပ် သို့မဟုတ် ထိုပစ္စည်းများတွင် ပါဝင်သည့် အကျိုးခံစားခွင့် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(ခ) ကုမ္ပဏီတွင် သာမန်လုပ်ငန်းများအတွက် တင်ရှိသည့် ကြွေးမြီ (book debts) နှင့် စပ်လျဉ်း၍ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

(ဂ) စီးပွားရေးလုပ်ငန်းတွင် အသုံးပြုဆောင်ရွက်နေသည့် ပစ္စည်းများမှအပ ကုမ္ပဏီ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းတစ်ရပ်ရပ်နှင့် သက်ဆိုင်သော ချေးငွေနှင့် စပ်လျဉ်း၍ ပေးသည့် အာမခံချက် (pledge) မဟုတ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်၊

ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်ရှိခြင်းတို့ကို သတ်မှတ်ဖော်ပြထားသည့် ပုံစံနှင့်အတူ သက်သေထင်ရှားစေသည့် စာရွက်စာတမ်း မိတ္တူတစ်စောင်ကို ထိုသို့ ပြုလုပ်သည့်နေ့မှ (၂၈)ရက်အတွင်း မှတ်ပုံတင်အရာရှိထံ တင်ပြခြင်းမရှိလျှင် ဥပဒေ ပုဒ်မ ၂၂၉ (ခ)နှင့်အညီ ကုမ္ပဏီ၏ ပစ္စည်း သို့မဟုတ် တာဝန်ယူမှုနှင့် စပ်လျဉ်းသည့် အာမခံချက်တစ်ရပ်ရပ်ကို ပေးအပ်ထားသည့်အခါ စာရင်း

ရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီ၏ မြီရှင်တို့အပေါ် ပျက်ပြယ်စေရမည်။ သို့သော် ထိုကိစ္စရပ်များတွင် အာမခံထားသည့် ငွေကြေးများကို ပြန်လည် ပေးဆပ်ရန်အတွက် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ် သို့မဟုတ် တာဝန်တစ်ရပ်ရပ်အား ထိခိုက်ခြင်းမရှိလျှင် ဥပဒေအရ အာမခံ ထားသည့် ငွေကြေးများကို ချက်ချင်းပေးချေရမည်။

## အခန်း (၁၄)

## ကိုယ်စားလှယ်များ

၈၄။ ကိုယ်စားလွှဲပြောင်းခံရသူနှင့် အခွင့်အာဏာပေးအပ်ခြင်းခံရသူ သို့မဟုတ် အခြားလုပ်ပိုင်ခွင့်ပေးအပ်ခြင်းခံရသူ (ရှိလျှင်) တစ်ဦးကို ခန့်ထားသည့် စာချုပ်စာတမ်း/ ကုမ္ပဏီမှ သတ်မှတ်သော ကိုယ်စားလှယ်လွှဲစာ အောက်တွင် ခန့်ထားသူက လက်မှတ် ရေးထိုးထားခြင်းဖြင့်သော်လည်းကောင်း၊ အဆိုပါအာဏာ သို့မဟုတ် လုပ်ပိုင်ခွင့် ပေးအပ်ထားခြင်းအတွက် နိုတြီဖြင့် မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသည့် စာချုပ်စာတမ်းမိတ္တူတစ်စောင်/ ကုမ္ပဏီမှ သတ်မှတ်သော ကိုယ်စားလှယ်လွှဲစာဖြင့် သော်လည်းကောင်း၊ ပြုလုပ်လျက် အဆိုပါစာချုပ်စာတမ်းတွင် အမည်ဖော်ပြထားသူက မဲပေးရန် ကြံရွယ်သော် အစည်းအဝေး ကျင်းပမည့်အချိန် မတိုင်မီ (၇၂) နာရီ အောက်မနည်းစေဘဲ ကုမ္ပဏီ၏မှတ်ပုံတင်ရုံးတွင် တင်သွင်းပြီး ဖြစ်စေရမည်။ ထို့အပြင် ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူအား ခန့်ထားသည့်စာချုပ်စာတမ်း ပြုလုပ်တင်သွင်းရန် ပျက်ကွက်လျှင် ယင်းကို တရားဝင်သည်ဟု သတ်မှတ်ခြင်း မခံထိုက်စေရ။

## အခန်း (၁၅)

## ဘုတ်အဖွဲ့

### ဘုတ်အဖွဲ့၏ အရေအတွက်

၈၅။ ဥက္ကဋ္ဌနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဒါရိုက်တာများ အပါအဝင် ဒါရိုက်တာဦးရေသည် (၁၀) ဦး ထက် မနည်းစေဘဲ (၂၅) ဦးထက် မများစေရ။

### ဘုတ်အဖွဲ့သည် လူပုဂ္ဂိုလ်ဖြစ်ရန်

၈၆။ ဘုတ်အဖွဲ့သည် လူပုဂ္ဂိုလ်ဖြစ်ရမည်။

၈၇။ ဘုတ်အဖွဲ့သည် အရည်အချင်းပြည့် အစုရှယ်ယာ ပိုင်ဆိုင်သော ကုမ္ပဏီများ၏ ကိုယ်စားပြုသော လူပုဂ္ဂိုလ်လည်း ဖြစ်နိုင်သည်။

### ဘုတ်အဖွဲ့၏အရည်အချင်းများ

၈၈။ ဒါရိုက်တာတစ်ဦးသည် အစုရှယ်ယာအနည်းဆုံး (၁,၀၀၀) စု သို့မဟုတ် အစုရှယ်ယာတန်ဖိုး ကျပ် သိန်းတစ်ရာနှင့်အထက်ကို ပိုင်ဆိုင်ရမည်ဖြစ်ပြီး ဥပဒေ ပုဒ်မ (၁၇၅) ပါ ပြဋ္ဌာန်းချက်များကိုလည်း လိုက်နာရန်တာဝန်ရှိသည်။

### ဘုတ်အဖွဲ့၏ ရာထူးသက်တမ်း

၈၉။ ဥပဒေကိုလိုက်နာ၍ ဒါရိုက်တာတစ်ဦးချင်းစီသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့အား ထုတ်ပယ်ခြင်းမပြုမချင်း ဒါရိုက်တာရာထူးတွင် တည်ရှိသည် သို့မဟုတ် ဥပဒေအရ ဒါရိုက်တာ အဖြစ်မှ အလိုအလျောက် ရပ်စဲသည်အထိ ဒါရိုက်တာရာထူးတွင် ဆက်လက် တည်ရှိသည်။

### ဒါရိုက်တာများအား ခန့်အပ်ခြင်းနှင့် ဒါရိုက်တာများကို ဖယ်ရှားခြင်း

၉၀။ ဒါရိုက်တာများကို အထွေထွေအစည်းအဝေး၌ သာမန်ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်၍ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များက ခန့်အပ်ရမည်။ ဒါရိုက်တာတစ်ဦးဦးအား ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ခေါ်ယူကျင်းပသော အထွေထွေအစည်းအဝေး၌ သာမန် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ ဖယ်ရှား နိုင်သည်။

၉၁။ ကုမ္ပဏီ၏ဘုတ်အဖွဲ့က လိုအပ်သည်ဟု ယူဆပါက အထူး အထွေထွေ အစည်းအဝေး တစ်ရပ် ခေါ်ယူ၍ သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် နောက်ထပ် ဒါရိုက်တာများကို တိုးချဲ့ခန့်ထားနိုင်သည်။

၉၂။ ကုမ္ပဏီသည် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အလို့ငှာ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော ဒါရိုက်တာများကို ခန့်အပ်နိုင်သည်။ ထို့အပြင် ထိုဘုတ်အဖွဲ့ သည် စာရင်းစစ်ကော်မတီ (Audit Committee)၊ စည်းကမ်းပိုင်းဆိုင်ရာ စိုးမိုးရေးကော်မတီ (Governance Committee)၊ အခကြေးငွေမျှတရေးကော်မတီ (Remuneration Committee)၊ လူမှန် နေရာမှန် ရရှိရေးကော်မတီ (Nomination Committee)၊ ဆုံးရှုံးမှုအန္တရာယ် စီမံခန့်ခွဲရေး ကော်မတီ (Risk Management Committee) စသည်တို့အပြင် အခြားကော်မတီများကိုလည်း လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

## အများပြည်သူ အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ခြင်း

၉၃။ ကုမ္ပဏီ၏ ဘုတ်အဖွဲ့များ၊ အရာရှိများနှင့် အစုရှယ်ယာရှင်များသည် ရန်ကုန်စတော့(ခ်)အိတ်ချိန်းနှင့် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်တို့ဖြင့် တည်ထောင်ထားသော အရင်းအနှီးဈေးကွက်ကို ထိန်းသိမ်းရန်နှင့် အများပြည်သူ အကျိုးစီးပွားနှင့် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ကာကွယ်စောင့်ရှောက်ရန်တို့ကို အမြဲဆောင်ရွက်ရမည်။

## ဘုတ်အဖွဲ့၏ အာဏာနှင့်တာဝန်များ

၉၄။ ကုမ္ပဏီ၏ ဘုတ်အဖွဲ့သည် ဥပဒေ ပုဒ်မ (၁၆၀) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ဘုတ်အဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲရန် တာဝန်ရှိသည်။ ဘုတ်အဖွဲ့ သည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး၊ ကုမ္ပဏီ၏ ဆောင်ရွက်မှုများကို လမ်းညွှန်ခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်း ပြုလုပ်ရမည်။ ထိုပုဂ္ဂိုလ်တို့သည် ကုမ္ပဏီကို ပျိုးထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း ကိစ္စရပ်အသီးသီးအတွက် ကုန်ကျစရိတ် အဖိုးအခများ အားလုံးကို ပေးချေနိုင်သည်။

၉၅။ ဘုတ်အဖွဲ့သည် အခါအားလျော်စွာ ဒါရိုက်တာများအထဲမှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးတို့ကို ရွေးချယ် ခန့်အပ်နိုင်သည်။ လိုအပ်ပါက ကာလတစ်ရပ်ရပ်အတွက် ဒါရိုက်တာများအထဲမှ တစ်ဦး သို့မဟုတ် ဒါရိုက်တာအဖွဲ့ဝင် မဟုတ်သော လုပ်ငန်းကျွမ်းကျင်စွာ စီမံခန့်ခွဲနိုင်မည့် သင့်တော်သူတစ်ဦး အား မန်နေးဂျင်းဒါရိုက်တာ/အမှုဆောင်အရာရှိချုပ် (CEO) အဖြစ် ခန့်အပ်နိုင်သည်။ သင့်လျော်သော အချိန်ကာလနှင့် သင့်လျော်သော ထောက်ပံ့ကြေး (လခစား သို့မဟုတ် ကော်မရှင် သို့မဟုတ် အမြတ် ဝေစုခံစားခွင့် သို့မဟုတ် တမျိုးစီကို တစ်စိတ်တဒေသ ခံစားခွင့်) ကို ၎င်းတို့က သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း ပေးနိုင်သည်။ သို့ရာတွင် အောက်ဖော်ပြပါ စည်းမျဉ်း အပိုဒ် (၁၂၅) ကို လိုက်နာ ရမည်။

၉၆။ အောက်ဖော်ပြပါ ကိစ္စများတွင် ဘုတ်အဖွဲ့သည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် မန်နေးဂျင်းဒါရိုက်တာ/ အမှုဆောင်အရာရှိချုပ် (CEO) တို့အနက်မှ တစ်ဦးဦးကို သော်လည်းကောင်း၊ ပူးတွဲ၍သော်လည်း ကောင်း အာဏာ အပ်နှင်းနိုင်သည်။

(က) မရွှေ့မပြောင်းနိုင်သော ပစ္စည်းများရောင်းဝယ်ခြင်း၊ တည်ဆောက်ခြင်း။

(ခ) အခြားအရောင်းအဝယ်ကိစ္စများ။

အထက်ပါလုပ်ပိုင်ခွင့်ထက်ကျော်လွန်သော ကိစ္စများ၊ ဖက်စပ်စာချုပ်ကဲ့သို့ အရေးကြီးသော ပဋိညာဉ်စာချုပ်များ ချုပ်ဆိုခြင်းနှင့် အခြားအဖွဲ့အစည်းနှင့် ပူးပေါင်းဖက်စပ်လုပ်ကိုင်ခြင်း ကိစ္စရပ် များတွင် ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ရယူပြီးမှသာ လုပ်ကိုင်ရမည်။

၉၇။ ဘုတ်အဖွဲ့သည် အောက်ပါကိစ္စအတွက် ထားရှိသော စာအုပ်များတွင် ရေးသွင်းမှတ်တမ်း တင်ထားစေရမည်။

(က) ဘုတ်အဖွဲ့က အရာရှိများ ခန့်ထားခြင်းကိစ္စအားလုံး၊

(ခ) ဘုတ်အဖွဲ့အစည်းအဝေးအသီးသီးတွင်လည်းကောင်း၊ ဘုတ်အဖွဲ့၏ မည်သည့်ကော်မတီမဆို အစည်းအဝေးအသီးသီးတွင်လည်းကောင်း၊ တက်ရောက်သော ဒါရိုက်တာများ၏အမည်များ၊

(ဂ) ကုမ္ပဏီ၏အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ကော်မတီများ အစည်းအဝေးအားလုံးတွင် ပြုလုပ်သော ဆွေးနွေးချက်များ၊ မှတ်တမ်းများ၊ ဆုံးဖြတ်ချက်များ နှင့် ဆောင်ရွက်ချက်များအားလုံး၊

ထို့ပြင် ဘုတ်အဖွဲ့အစည်းအဝေးသို့မဟုတ် ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးသို့ တက်ရောက်သော ဒါရိုက်တာတိုင်းသည် ယင်းကိစ္စအလို့ငှာ ထားရှိသော စာအုပ်တွင် လက်မှတ် ရေးထိုးရမည်။

၉၈။ ဒါရိုက်တာရာထူးသည် ဒါရိုက်တာနှင့်ပါတ်သက်၍ အောက်ပါကိစ္စတစ်ခုခုပေါ်ပေါက်လျှင် လစ်လပ်စေရမည် -

(က) ခန့်ထားပြီး နှစ်လအတွင်း ရာထူးရယူရန်သော်လည်းကောင်း၊ ထို့နောက် မည်သည့်အချိန်မဆို မိမိအား ဒါရိုက်တာရာထူးခန့်ထားရန် အရည်အချင်း ပြည့်စုံစေရေးအတွက် ပိုင်ဆိုင်ရန် လိုအပ်သော အစုရှယ်ယာအမျိုးအစား (ရှိလျှင်)ကို မိမိက ပိုင်ဆိုင်ခြင်းမှ ရပ်စဲလျှင်၊ (သို့မဟုတ်)

(ခ) စိတ်ပေါ့သွပ်သူဖြစ်ကြောင်း စီရင်ပိုင်ခွင့် အာဏာရှိတရားရုံးမှ တွေ့ရှိလျှင်၊ (သို့မဟုတ်)

(ဂ) ဒေဝါလီခံရကြောင်း သို့မဟုတ် လူမွဲဖြစ်ကြောင်းဆုံးဖြတ်ခံရလျှင်၊ (သို့မဟုတ်)

(ဃ) မိမိပိုင် အစုရှယ်ယာများအပေါ် တောင်းခံခြင်းများကို တောင်းခံပြီးသည့်နေ့မှ ခြောက်လအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင်၊ (သို့မဟုတ်)

(င) ကုမ္ပဏီသို့ စာဖြင့် ရေးသား အကြောင်းကြား၍ ဒါရိုက်တာအဖြစ် ၎င်း၏ ရာထူးနေရာမှ နုတ်ထွက်လျှင် (သို့မဟုတ်)

(စ) သေဆုံးခဲ့လျှင် (သို့မဟုတ်)

(ဆ) ဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ဤကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့်အညီ လုပ်ငန်းမှ ဖယ်ရှားခြင်းခံရလျှင် (သို့မဟုတ်)

(ဇ) ဥပဒေပါ ပြဋ္ဌာန်းချက်များ သို့မဟုတ် ဤကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများတွင် သတ်မှတ်ဖော်ပြထားသော ဒါရိုက်တာရာထူးနေရာအတွက် လိုအပ်သည့် အရည်အချင်း တစ်ရပ်ရပ်ကို ရရှိရန် (သို့မဟုတ်) ညီညွတ်ရန် ပျက်ကွက်လျှင် (သို့မဟုတ်)

(ဈ) ဘုတ်အဖွဲ့ထံ ပျက်ကွက်ခြင်းအတွက် ခွင့်တိုင်ခြင်းမရှိဘဲ ဒါရိုက်တာအစည်း အဝေးသို့ သုံးကြိမ်ဆက်တိုက် တက်ရောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ဒါရိုက်တာများ အစည်းအဝေးအားလုံးကို တစ်ဆက်တည်းဖြစ်သော သုံးလတာအထိ တက်ရောက်ရန် ပျက်ကွက်ခြင်း တို့အနက် အချိန်ပို၍ ကြာရှည်သောကိစ္စကို ကျူးလွန်လျှင်၊ (သို့မဟုတ်)

(ည) ဘုတ်အဖွဲ့အား ထုတ်ဖော်အသိပေးခြင်းမပြုဘဲ ကုမ္ပဏီမှ ချေးငွေသို့မဟုတ် အာမခံ တစ်ခုလက်ခံရယူလျှင်၊ (သို့မဟုတ်)

(ဋ) ဘုတ်အဖွဲ့အား ထုတ်ဖော်အသိပေးခြင်းမပြုဘဲ ကုမ္ပဏီနှင့် ပြုလုပ်သော ကန်ထရိုက်က တစ်ခုခု၏ အကျိုးအမြတ်နှင့် ဆက်စပ်နေလျှင် သို့မဟုတ် ပါဝင်ခံစားခြင်းရှိလာလျှင်၊ (သို့မဟုတ်)

(ဌ) (၆) လထက်ပိုသော ထောင်ဒဏ်ချမှတ်ခြင်း ခံရလျှင် (သို့မဟုတ်) ကိုယ်ကျင့်သိက္ခာ ပျက်ယွင်းသည်ကို အကြောင်းပြု၍ ထောင်ဒဏ်ချမှတ်ခြင်းခံရလျှင်

သို့ရာတွင် မည်သို့ပင်ဖြစ်စေကာမူ ဒါရိုက်တာတစ်ဦးသည် ဘုတ်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီနှင့် ကန်ထရိုက်လုပ်သော သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုပြုကြသော အခြားမည်သည့် ကုမ္ပဏီ သို့မဟုတ် အစုစပ်လုပ်ငန်း၏အစုရှင် သို့မဟုတ် အခြားသူတစ်ဦးနှင့် စပ်တူလုပ်သော လုပ်ငန်းတွင် မဆို ပါဝင်သူ အစုရှင်တစ်ဦး ဖြစ်နေရုံမျှနှင့် အဆိုပါသူ၏ ရာထူးနေရာ လစ်လပ် စေရမည်ဟု မဖြစ်စေရ။ ဒါရိုက်တာသည် ယင်းကန်ထရိုက် သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုတွင် မဲပေးခွင့် မရှိစေရ။ အကယ်၍ မဲပေးမိလျှင် ယင်းမဲကို ရေတွက်ခြင်း မပြုရ။

## ဘုတ်အဖွဲ့ အလှည့်ကျဆောင်ရွက်ခြင်း

၉၉။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်နှင့်အညီ ကုမ္ပဏီ၏ ပထမဦးဆုံးသော နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ဘုတ်အဖွဲ့ဝင်အားလုံး နုတ်ထွက်ပေးရမည်။ ယင်းနောက် နှစ်စဉ် ကျင်းပသော နှစ်ပတ်လည် အထွေထွေ အစည်းအဝေးတိုင်း တွင် ယင်းကာလ၌ ဆောင်ရွက်နေသော ဘုတ်အဖွဲ့၏ သုံးပုံတစ်ပုံ သို့မဟုတ် အကယ်၍ အရေအတွက်သည် သုံးနှင့်စား၍မပြတ်လျှင် အနီးစပ်ဆုံး သုံးပုံတစ်ပုံ ဖြစ်သော ဘုတ်အဖွဲ့၏ အရေအတွက်သည် နုတ်ထွက်ပေးရမည်။

၁၀၀။ ထိုသို့ နှစ်စဉ်နှစ်တိုင်း ဒါရိုက်တာရာထူးမှ နုတ်ထွက်ပေးရမည့် ကိစ္စရပ်၌ ထိုရာထူးတွင် အကြာရှည်ဆုံး တည်ရှိနေသူ ဒါရိုက်တာဖြစ်လာသူများအနက်မှ မည်သူ နုတ်ထွက်ပေးရမည်နည်း ဟူသော ကိစ္စပေါ်ပေါက်ခဲ့လျှင် (အချင်းချင်း သဘောတူညီချက်အရမှတစ်ပါး) မဲနှိုက်၍ ဆုံးဖြတ် ရမည်။

၁၀၁။ နုတ်ထွက် အနားယူသွားသော ဒါရိုက်တာသည် ပြန်လည် အရွေးချယ်ခံပိုင်ခွင့် ရှိစေရမည်။

၁၀၂။ ကုမ္ပဏီသည် ဒါရိုက်တာတစ်ဦးဦးက ရာထူးသက်တမ်းမကုန်ဆုံးခင် အထွေထွေအစည်းအဝေးတွင် ရုတ်တရက် နုတ်ထွက်သွားသည့်အခါ ထိုအစည်းအဝေး၌ပင် လစ်လပ်သွားသော ရာထူးနေရာကို ဒါရိုက်တာအရည်အချင်းပြည့်မီရန် သတ်မှတ်ထားသော အနည်းဆုံး အစုရှယ်ယာပိုင်ဆိုင်သူ ပုဂ္ဂိုလ်တစ်ဦးအား ထိုပုဂ္ဂိုလ်၏ဆန္ဒ သဘောတူညီမှုကို ရယူလျက် အစားထိုးရွေးချယ်နိုင်သည်။

၁၀၃။ ဥပဒေ ပုဒ်မ ၁၇၃ နှင့် ၁၇၄ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာလျက် ကုမ္ပဏီသည် အထွေထွေ အစည်းအဝေးများတွင် ဒါရိုက်တာများ အရေအတွက် တိုးမြှင့်ခြင်း၊ သို့မဟုတ် လျှော့ချခြင်းကို အခါအားလျော်စွာ ပြုပြင်ခွင့်ရှိပြီး၊ ထိုသို့ တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်း၌ မည်ကဲ့သို့ အလှည့်ကျ နုတ်ထွက်ရမည့် အရေအတွက်ကိုလည်း ပြင်ဆင်သတ်မှတ်ခွင့်ရှိသည်။

## ဘုတ်အဖွဲ့က လစ်လပ်နေရာများကို ဖြည့်ခြင်းနှင့် နောက်ထပ်ဒါရိုက်တာများ ခန့်အပ်နိုင်ခြင်း

၁၀၄။ ရှုတ်တရက် လစ်လပ်သွားသော ဒါရိုက်တာနေရာတွင် အဆိုပါ ဘုတ်အဖွဲ့သည် အစည်းအဝေး အထမြောက်စေမည့် အရေအတွက်တွင် မပါဝင်သော်လည်း ထိုသို့ လစ်လပ်သွားသော နေရာအတွက် ဘုတ်အဖွဲ့က ဖြည့်စွက်ခန့်ထားရမည်။ သို့သော် ထိုသို့ ခန့်အပ်ရသူအတွက် အဆိုပါ ခန့်အပ်မှုကို ပြုလုပ်ပြီးနောက်တွင် ကျင်းပသည့် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၌ ကုမ္ပဏီ တွင် ပါဝင်သူ အစုရှင်များ၏ အတည်ပြုချက်ကို ရယူရမည်။အဆိုပါ အစည်းအဝေးအား ခန့်အပ်မှု ပြုလုပ်ပြီး နောက်ခြောက်လအတွင်း ခေါ်ယူကျင်းပရမည်။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သတ်မှတ်ထားသည့် အများဆုံး ဒါရိုက်တာဦးရေထက် ကျော်လွန် ခန့်အပ်ခွင့် မရှိပါ။

<u>ယာယီကိုယ်စားပြုဒါရိုက်တာ</u>

၁၀၅။ ဥပဒေကို အထောက်အထားပြုလိုက်နာလျက် ဒါရိုက်တာတစ်ဦးချင်းစီသည် အခြားဒါရိုက်တာ အများစု၏ သဘောတူညီမှုဖြင့်လူတစ်ဦး (ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်ထဲမှဖြစ်စေ၊ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင် မဟုတ်သူထဲမှဖြစ်စေ) ကို ၎င်း၏နေရာတွင် ယာယီကိုယ်စားပြုဒါရိုက်တာအဖြစ် ခန့်အပ်နိုင်ပြီး၊ ထိုဒါရိုက်တာက သတ်မှတ်ဆုံးဖြတ်သည့် ကာလအပိုင်းအခြားအတွက်လည်း ခန့်အပ်နိုင်သည်။ ခန့်အပ်ခြင်းကို ခန့်အပ်သည့် ဒါရိုက်တာ လက်မှတ်ရေးထိုးပြီး ခန့်အပ်စာ မိတ္တူကို ကုမ္ပဏီရုံးခန်းသို့ လည်းကောင်း၊ ဘုတ်အဖွဲ့အစည်းအဝေးသို့လည်းကောင်း ပေးပို့ရမည်။

၁၀၆။ မည်သည့် ယာယီကိုယ်စားပြုဒါရိုက်တာ ဒါရိုက်တာမဆို-

(က) ရာထူးမှ ဖယ်ရှားခြင်း သို့မဟုတ် ခေတ္တရပ်နားခြင်းကို ၎င်းအား ခန့်အပ်သည့် ဒါရိုက်တာ (ခန့်ထားသူ) က ကုမ္ပဏီသို့ စာဖြင့် ရေးသားသည့် အကြောင်းကြားစာ ပေးပို့ကာ ပြုလုပ်နိုင်သည်။

(ခ) အကြောင်းကြားစာ လက်ခံပိုင်ခွင့်၊ ဘုတ်အဖွဲ့အစည်းအဝေးသို့ (၎င်းအားခန့်အပ်သူမရှိက) တက်ရောက်ပိုင်ခွင့်ရှိပြီး ဘုတ်အဖွဲ့အစည်းအဝေးတွင် အစည်းအဝေးထမြောက်ရန် အနည်းဆုံး လိုအပ်သည့်ဦးရေတွင် ထည့်သွင်းရေတွက်ခံနိုင်သည်။

(ဂ) ၎င်းတက်ရောက်သည့် ဘုတ်အဖွဲ့အစည်းအဝေးတွင် ဆုံးဖြတ်ချက်အားလုံးအတွက် မဲပေးပိုင်ခွင့်ရှိသည့် ၎င်းအားခန့်အပ်သူ ဒါရိုက်တာမဲပေးခွင့်ရှိသကဲ့သို့ ယာယီကိုယ်စားပြု ဒါရိုက်တာလည်း ကိုယ်ပိုင်အခွင့်အရေးအရ မဲပေးနိုင်သည်။ ယာယီကိုယ်စားပြုဒါရိုက်တာသည် ကိုယ်တိုင် ဒါရိုက်တာတစ်ဦးဖြစ်ပါက ၎င်း၏ ကိုယ်ပိုင် မဲပေးနိုင်သည့်အပြင် ယာယီ ကိုယ်စားပြုဒါရိုက်တာအဖြစ် ကိုယ်ပိုင်မဲလည်းပေးနိုင်သည်။

(ဃ) မည်သည့်အစုရှယ်ယာမှ ပိုင်ဆိုင်ရန်မလိုပါ။

(င) ခန့်အပ်သည့်စည်းကမ်းချက်ကို အထောက်အထားပြု၍၊ ခန့်အပ်သူကျင့်သုံးခွင့်ရှိသော အခွင့် အာဏာများကို ခန့်အပ်သူမရှိပါက (ယာယီကိုယ်စားပြုဒါရိုက်တာ) အဖြစ် ကိုယ်ပိုင် ကျင့်သုံးခွင့်ရှိသည်။ ထို ယာယီကိုယ်စားပြုဒါရိုက်တာသည် ယာယီကိုယ်စားပြုဒါရိုက်တာ ထပ်မံ ခန့်အပ်ပိုင်ခွင့် မရှိပါ။

(စ) ခန့်အပ်သူ ဒါရိုက်တာသည် ရာထူးမှ ဖယ်ရှားခံရသည့်အခါ သို့မဟုတ် ဒါရိုက်တာအဖြစ်မှ ရပ်စဲသည့်အခါ ယာယီကိုယ်စားပြုဒါရိုက်တာလည်း ရာထူးမှ အလိုအလျောက်ရပ်စဲသည်။

(ဆ) အဆိုပါ ယာယီကိုယ်စားပြုဒါရိုက်တာသည် ယင်းအား ခန့်အပ်သူ ဒါရိုက်တာက လုပ်ငန်းဆောင်ရွက်နေသည့်ကာလများတွင် ယာယီကိုယ်စားပြုဒါရိုက်တာတစ်ဦးအဖြစ် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးဆောင်ရွက်ခြင်း မပြုရ။

(ဇ) ကုမ္ပဏီမှ မည်သည့်အခကြေးငွေမှရခွင့်မရှိပါ။ ဘုတ်အဖွဲ့အစည်းအဝေးများ၊ ဘုတ်အဖွဲ့များ၏ ကော်မတီအစည်းအဝေးများ၊ အထွေထွေအစည်းအဝေးများစသည့် အစည်းအဝေးများ တက်ခြင်း၊ ပြန်ခြင်းတို့အတွက်လည်းကောင်း ကုမ္ပဏီလုပ်ငန်းများနှင့်ဆက်စပ်၍လည်းကောင်း ခရီးသွားခြင်း၊ ကုန်ကျစရိတ်များ၊ အသုံးစရိတ်များအတွက် ရထိုက်ခွင့်ရှိပြီး၊ ယင်းကိစ္စများအတွက် စိုက်ထုတ်ငွေများ ရှိပါကလည်း ပြန်ရခွင့်ရှိပါသည်။

(ဈ) ဒါရိုက်တာတစ်ဦးအတွက်ထက်ပိုပြီး ယာယီကိုယ်စားပြုဒါရိုက်တာအဖြစ်လည်း ဆောင်ရွက်ခွင့်ရှိသည်။

(ည) ယာယီကိုယ်စားပြုဒါရိုက်တာသည် မူလခန့်အပ်သည့် ဘုတ်အဖွဲ့အစည်းအဝေး မတက်ရောက်နိုင်မှသာလျှင် ယာယီကိုယ်စားပြုဒါရိုက်တာအဖြစ်သာ ဆောင်ရွက်နိုင်ပါသည်။ မူလခန့်အပ်သည့် ဘုတ်အဖွဲ့အစည်းအဝေး တက်ရောက်သည်နှင့်တပြိုင်နက် ယာယီကိုယ်စားပြုဒါရိုက်တာ၏ လုပ်ပိုင်ခွင့်အာဏာသည် အလိုအလျောက် ပျက်ပြယ်သွားမည် ဖြစ်ပါသည်။

## ဘုတ်အဖွဲ့၏အခကြေးငွေ

၁၀၇။ ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့အဖြစ် ဝန်ဆောင်မှုပေးခြင်းအတွက် အခကြေးငွေ ရထိုက်ခွင့် ရှိသည်။

၁၀၈။ ဥပဒေနှင့်အညီ အထွေထွေအစည်းအဝေးများတွင် ကုမ္ပဏီ၏ တားမြစ်ကန့်သတ်ချက်များကို လိုက်နာလျက် ဒါရိုက်တာတစ်ဦးချင်းစီနှင့် သဘောတူစည်းကမ်းချက်ရှိသည့်အတိုင်း ဘုတ်အဖွဲ့ သည် အောက်ပါအတိုင်း ဆုံးဖြတ်နိုင်သည်-

(က) ဒါရိုက်တာတစ်ဦးချင်းစီသို့ပေးရန် အခကြေးငွေပမာဏနှင့် ပေးရန်ပုံစံ သို့မဟုတ်။

(ခ) အခကြေးငွေကို ဘုတ်အဖွဲ့သို့ စုပေါင်းပေးရန်နှင့် ပေးရန်ပုံစံကိုသတ်မှတ်ပြီး ဘုတ်အဖွဲ့က ၎င်းတို့အား စုပေါင်းပေးသည့် အခကြေးငွေကို အချိုးအစားအလိုက် ၎င်းတို့ သဘောတူဆုံးဖြတ်သည့်အတိုင်း ခွဲဝေယူကြရန်ဖြစ်ပြီး ထိုသို့သဘောတူ သတ်မှတ်နိုင်ခြင်း မရှိက အညီအမျှ ခွဲဝေယူကြရန် ဖြစ်သည်။

## ဘုတ်အဖွဲ့၏အသုံးစရိတ်များ

၁၀၉။ အခကြေးငွေအပြင် ဘုတ်အဖွဲ့သည် ဘုတ်အဖွဲ့အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးများ၊ အထွေထွေအစည်းအဝေးများစသည့် အစည်းအဝေးများ တက်ရောက်ခြင်း၊ ပြန်ခြင်းတို့အတွက်လည်းကောင်း၊ ကုမ္ပဏီလုပ်ငန်းများနှင့် ဆက်စပ်၍ လည်းကောင်း၊ ခရီးသွားခြင်း၊ ကုန်ကျစရိတ်များ၊ အသုံးစရိတ်များအတွက် ရထိုက်ခွင့်ရှိပြီး ယင်းကိစ္စများအတွက် စိုက်ထုတ်ငွေ ပြန်ရခွင့်ရှိပါသည်။

## အခန်း (၁၆)

## ဘုတ်အဖွဲ့၏ ပဋိညာဉ်စာချုပ်

### ဒါရိုက်တာအဖြစ်ဆောင်ရွက်ခြင်းနှင့် ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆိုခြင်းကို ကန့်သတ်ခြင်း

၁၁၀။ ဥပဒေကို အထောက်အထားပြုလိုက်နာလျက်-

(က) ကုမ္ပဏီနှင့်အခြားသူများ၏ အကျိုးအလို့ငှာ ရာထူးနေရာတစ်ခုခုတွင် ထမ်းဆောင်နေသော ဒါရိုက်တာအရည်အချင်း ပျက်ယွင်းခြင်းမရှိစေရ။

(ခ) ကုမ္ပဏီနှင့် သို့မဟုတ် အခြားသူများနှင့်စာချုပ်ချုပ်ဆို၍ ဆောင်ရွက်ရာတွင် ဒါရိုက်တာ အရည်အချင်း ပျက်ယွင်းခြင်းမရှိစေရ။

(ဂ) ဤအခန်း-၁၇ တွင် ရည်ညွှန်းသော ပဋိညာဉ်စာချုပ် သို့မဟုတ် ကုမ္ပဏီကလည်းကောင်း ကုမ္ပဏီ ကိုယ်စားလည်းကောင်း ချုပ်ဆိုသော ပဋိညာဉ်စာချုပ် သို့မဟုတ် စီမံချက်သည် ဒါရိုက်တာ အကျိုးစီးပွားရှိခြင်းကြောင့် မပျက်ပြယ်စေရ။ ထိုပဋိညာဉ်စာချုပ် သို့မဟုတ် စီမံချက် သို့မဟုတ် အခန်း-၁၇ ပါ ရာထူးနေရာတွင် ထမ်းဆောင်မှုအရ မည်သည့် ဒါရိုက်တာမဆို ကုမ္ပဏီနှင့် ယုံမှတ် အပ်နှံခံထားရသည့် ဆက်သွယ်မှုရှိသည် သို့မဟုတ် ဒါရိုက်တာရာထူးရှိသည်ဆိုသော အကျိုးအမြတ် နှင့်စပ်လျဉ်း၍ ကုမ္ပဏီသို့ တာဝန်ခံခြင်း မရှိစေရ။

### ဒါရိုက်တာသည် လုပ်ငန်းတာဝန် ဆောင်ရွက်နိုင်ခြင်း

၁၁၁။ ဥပဒေကို အထောက်အထားပြုလိုက်နာလျက် ဒါရိုက်တာ သို့မဟုတ် ဒါရိုက်တာ၏လုပ်ငန်းအဖွဲ့သည် ကုမ္ပဏီအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အတတ်ပညာရှင်အဖြစ် ဆောင်ရွက်ခွင့်ရှိပြီး ထိုဆောင်ရွက်မှုအတွက် အခကြေးငွေရထိုက်ခွင့်ရှိသည်။

### ဘုတ်အဖွဲ့တွင် ပါဝင်သော ဒါရိုက်တာများ၏ အကျိုးခံစားခွင့် ပါရှိသော ပဋိညာဉ်စာချုပ်တွင် ဒါရိုက်တာများ မဲပေးခွင့်ရှိခြင်း

၁၁၂။ အပိုဒ်-၁၁၀ ကို အထောက်အထားပြု လိုက်နာလျက်၊ ဒါရိုက်တာသည် ဒါရိုက်တာအကျိုးစီးပွားနှင့် (တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ) ဆက်စပ်သော ပဋိညာဉ်စာချုပ် သို့မဟုတ် စီမံချက်နှင့် စပ်လျဉ်း၍ ဘုတ်အဖွဲ့အစည်းအဝေးတွင် တက်ရောက်ခွင့်နှင့် မဲပေးခွင့်ရှိပြီး အစည်းအဝေး အထမြောက်ရန် အနည်းဆုံး တက်ရောက်ရမည့် ဦးရေစာရင်းတွင် ထည့်သွင်းရေတွက်ခွင့်ရှိသည်။ အဆိုပါ စာချုပ်သို့ စီမံချက်တွင် တံဆိပ်ရိုက်ပြီး ဝင်ရောက်ချုပ်ဆိုခွင့် သို့မဟုတ် သက်ဆိုင်သည့်

အခြားအပြုအမူများ ပါဝင်ပြုလုပ်ခွင့်ရှိသည်။ သို့ရာတွင် အခြားဘုတ်အဖွဲ့က ထိုဒါရိုက်တာနှင့် အကျိုးခံစားခွင့်၏ အခြေအနေကို ဖော်ပြသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အဆိုပါ အကျိုးခံစားခွင့်သည် ထိုဒါရိုက်တာအား အစည်းအဝေးသို့ တက်ရောက်ခြင်း သို့မဟုတ် မဲပေးခြင်းများအတွက် ထိခိုက်စေခြင်းမရှိဟု ကျေနပ်လက်ခံကြောင်း ချမှတ်ရမည်။

## အကျိုးခံစားခွင့်ပါရှိကြောင်း ဒါရိုက်တာက ကြေညာခြင်း

၁၁၃။ ဥပဒေအရ မလိုအပ်သည့်အခါမှတစ်ပါး၊ ကုမ္ပဏီရေးရာကိစ္စတွင် ပုဂ္ဂလိက အကျိုးခံစားခွင့်ရှိသော ဒါရိုက်တာသည် ထိုသို့ အကျိုးခံစားခွင့်ရှိသည်ကို သိသိချင်း အကျိုးခံစားခွင့်၏ သဘာဝနှင့် အတိုင်းအတာ၊ ကုမ္ပဏီရေးရာကိစ္စနှင့် ဆက်နွယ်မှုစသည့် အသေးစိတ်အချက်များကိုဖော်ပြ၍ မြန်နိုင်သမျှ မြန်မြန် ဘုတ်အဖွဲ့ထံသို့ ဘုတ်အဖွဲ့အစည်းအဝေး၌ အကြောင်းကြား အသိပေးရမည်။

## အကျိုးခံစားခွင့် ဆန့်ကျင်ဖွယ်ရာများကို ဒါရိုက်တာက ကြေညာခြင်း

၁၁၄။ ဒါရိုက်တာသည် ၎င်းရာထူးအဆင့်လက်ရှိဖြစ်ခြင်း၊ ပစ္စည်း သို့မဟုတ် ရပိုင်ခွင့် တစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ လက်ရှိပိုင်ဆိုင်ခြင်းရှိ၍ ထိုရာထူးပစ္စည်း လက်ရှိ ပိုင်ဆိုင်ခြင်းကြောင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖြစ် ဆောင်ရွက်ရာတွင် တာဝန် သို့မဟုတ် အကျိုးစီးပွားနှင့် ဆန့်ကျင်မှုဖြစ်နိုင်ကြောင်းဖြင့် ဖြစ်ပွားနိုင်သည့် ဆန့်ကျင်မှု၏ သဘောသဘာဝနှင့် အတိုင်းအတာကို ၎င်းဒါရိုက်တာဖြစ်ပြီး အနီးဆုံး ဘုတ်အစည်းအဝေးတွင်ဖြစ်စေ သို့မဟုတ် ထိုသို့သိရှိပြီး အနီးဆုံး ကျင်းပသည့် အစည်းအဝေးတွင်ဖြစ်စေ ကြေညာတင်ပြရမည်။

## အခန်း (၁၇)

## ဘုတ်အဖွဲ့၏အခွင့်အာဏာများ

### ဘုတ်အဖွဲ့၏အခွင့်အာဏာများ

၁၁၅။ ဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်ခြင်း သို့မဟုတ် ဆောင်ရွက်စေခြင်းတို့ကို ပြုလုပ်ရမည့်အပြင် ထိုစီမံခန့်ခွဲဆောင်ရွက်စေခြင်းတို့ကိုလည်း အထွေထွေ အစည်းအဝေးတွင် ကုမ္ပဏီက ဥပဒေအရ သို့မဟုတ် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကျင့်သုံး ဆောင်ရွက်ရန် မလိုသော အခွင့်အာဏာများ၊ ဆင်ခြင်ဆုံးဖြတ်မှုများကိုလည်း ကျင့်သုံး ဆောင်ရွက်ခြင်း ပြုနိုင်သည်။

၁၁၆။ ဥပဒေအရ သို့မဟုတ် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လိုအပ်ချက် သို့မဟုတ် ခွင့်ပြုချက်မှအပ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသည် ကုမ္ပဏီကိုလည်းကောင်း၊ ဘုတ်အဖွဲ့ကိုလည်းကောင်း ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ကုမ္ပဏီနှင့် ဘုတ်အဖွဲ့ကို အပ်နှင်းသည့် အခွင့်အာဏာများ၊ ဆင်ခြင်ဆုံးဖြတ်ခြင်းများကို ဆောင်ရွက်ရာတွင် ညွှန်ကြားခွင့်မရှိပါ။

၁၁၇။ ဘုတ်အဖွဲ့၏ အခွင့်အာဏာလုပ်ပိုင်ခွင့်များကို ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရနှင့် ဥပဒေအရ ခွင့်ပြုသည့်အတိုင်း ကျင့်သုံးဆောင်ရွက်မည်။

### ငွေချေးငှားခြင်း၊ စုဆောင်းခြင်း၊ ကုန်ကျစရိတ်နှင့်အသုံးစရိတ်များပေးချေခြင်း

၁၁၈။ အပိုဒ်-၁၃၂ ပါ ပြဋ္ဌာန်းချက်များကိုသာ ကန့်သတ်မထားဘဲ၊ ဘုတ်အဖွဲ့သည်-

(က) ကုမ္ပဏီ၏ ရည်ရွယ်ချက်အလို့ငှာ ငွေချေးငှားခြင်း၊ ရန်ပုံငွေစုဆောင်းခြင်း၊ ငွေကြေး ရယူခြင်းနှင့် ပေါင်နှံခြင်းနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ သို့မဟုတ် အခြားနည်းအားဖြင့် ငွေကြေးပမာဏအတွက် အာမခံတင်သွင်းခြင်းကို ခွင့်ပြုခြင်း၊ အကြွေးငွေများ၊ ပေးရန် တာဝန်များ၊ ပဋိညာဉ်စာချုပ်များ၊ စီမံချက်များ၊ ကျခံဆောင်ရွက်ရန် တာဝန်များကို ဆောင်ရွက်ခြင်း၊ ဖြည့်ဆည်းခြင်း ပြုလုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်ခြင်းကို ဘုတ်အဖွဲ့၏ သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ဆောင်ရွက်နိုင်သည်။ တောင်းခေါ်ခြင်း မပြုရ သေးသော သို့မဟုတ် ပေးချေခြင်း မပြုရသေးသော မတည်ငွေရင်းအပေါ် အာမခံ ခွင့်ပြုခြင်းများကိုလည်း ဆောင်ရွက်နိုင်သည်။

(ခ) ကုမ္ပဏီတည်ထောင်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့အတွက် ကျခံသုံးစွဲထားသည့် ကုန်ကျ စရိတ်များ အသုံးစရိတ်များပေးချေခြင်း၊ ပေးချေစေခြင်းများ ပြုလုပ်နိုင်သည်။

## ဘုတ်အဖွဲ့က အခြားကုမ္ပဏီများတွင် အစုရှယ်ယာမဲပေးခြင်း

၁၁၉။ ဥပဒေကို အထောက်အထားပြုလိုက်နာလျက် အခြားကုမ္ပဏီတွင် ဒါရိုက်တာတစ်ဦးကို အရာရှိအဖြစ် ခန့်အပ်ခြင်း၊ အခြားကုမ္ပဏီ၏ အရာရှိများကို အခကြေးငွေပေးခြင်း စသည့်ကိစ္စများတွင် ကုမ္ပဏီက ရယူ ပိုင်ဆိုင်ထားသော ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများအရ အပ်နှင်းသော မဲပေးခွင့်တွင် ဒါရိုက်တာတစ်ဦးဦးအတွက် အကျိုးခံစားခွင့်ရှိစေကာမူ ဘုတ်အဖွဲ့သည် ၎င်းတို့ဆုံးဖြတ်သော အပြုအမူအတိုင်း မဲပေးခွင့်ကို ကျင့်သုံးနိုင်သည်။

## ကိုယ်စားလှယ် သို့မဟုတ် တရားဝင်လွှဲအပ်ထားသော အကျိုးဆောင်ကိုယ်စားလှယ်

၁၂၀။ ဘုတ်အဖွဲ့သည် မည်သည့်အချိန်တွင် မည်သူကိုမဆို ကုမ္ပဏီ၏ကိုယ်စားလှယ် သို့မဟုတ် တရားဝင် လွှဲအပ်ထားသော အကျိုးဆောင်ကိုယ်စားလှယ်အဖြစ် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့ကို ပေးသော အခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့် ဆင်ခြင်ဆုံးဖြတ်နိုင်ခွင့်တို့ကို ကျင့်သုံးပြီး ခန့်အပ်နိုင်သည်။ မည်သည့် အချိန်တွင်မဆို ၎င်းတို့ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ထိုသို့ ခန့်ထားခြင်းကို ရုပ်သိမ်းခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်ခွင့်ရှိသည်။

## အခွင့်အာဏာလုပ်ပိုင်ခွင့်ကို ကိုယ်စားဆောင်ရွက်စေရန် လွှဲပြောင်းပေးခြင်း

၁၂၁။ ဘုတ်အဖွဲ့သည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ ၎င်းတို့ ကျင့်သုံးနိုင်သော အခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့် ဆင်ခြင်ဆုံးဖြတ်ပိုင်ခွင့်တို့ကို ဘုတ်အဖွဲ့ကော်မတီ၊ ဒါရိုက်တာတစ်ဦးတစ်ယောက်၊ ကုမ္ပဏီဝန်ထမ်းတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးကို ကိုယ်စား ဆောင်ရွက်စေရန် လွှဲပြောင်း ပေးနိုင်သည်။ ထိုသို့ လွှဲပြောင်းပေးခြင်းကို ၎င်းတို့ ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ရုပ်သိမ်းခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်ခွင့်ရှိသည်။

## အခန်း (၁၈)

## ဘုတ်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ခြင်း

### ဘုတ်အဖွဲ့အစည်းအဝေး

၁၂၂။ ဘုတ်အဖွဲ့သည် အောက်ပါနည်းလမ်း တစ်ရပ်ရပ်ဖြင့် တွေ့ဆုံဆွေးနွေးနိုင်သည်-

(က) လူကိုယ်တိုင်ဖြစ်စေ။

(ခ) တယ်လီဖုန်းဖြင့်ဖြစ်စေ။

(ဂ) ရုပ်မြင်သံကြားနည်းပညာဖြင့်တွေ့မြင်ပြောဆို၍ဖြစ်စေ။

(ဃ) အခြားတိုက်ရိုက်ဆက်သွယ်ရေးကြားခံပစ္စည်းများဖြင့်ဖြစ်စေ။

### ဘုတ်အဖွဲ့အစည်းအဝေးတွင် တက်ရောက်ကြောင်း မှတ်ယူခြင်း

၁၂၃။ ဘုတ်အဖွဲ့အစည်းအဝေးကို တယ်လီဖုန်းဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားနည်းပညာဖြင့် လည်းကောင်း၊ အခြား ဆက်သွယ်ရေး ကြားခံပစ္စည်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ပြီး တက်ရောက်သူအားလုံး၏ ပြောဆိုဆွေးနွေးချက်များကို ကြားနိုင်စွမ်းရှိပြီး ကြားသိခဲ့ပါက ဒါရိုက်တာသည် ထိုအစည်းအဝေးကို တက်ရောက်ခဲ့ကြောင်း မှတ်ယူသည်။

### ဘုတ်အဖွဲ့အစည်းအဝေးကျင်းပရန်နေရာ

၁၂၄။ ဘုတ်အဖွဲ့အစည်းအဝေးကို တယ်လီဖုန်းဖြင့်လည်းကောင်း၊ ရုပ်မြင်သံကြားနည်းပညာဖြင့် လည်းကောင်း၊ အခြား ဆက်သွယ်ရေး ကြားခံပစ္စည်းဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်လျှင် ဘုတ်အဖွဲ့အစည်းအဝေးလုပ်ရန် သဘောတူညီသည့်နေရာတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ အစည်းအဝေးများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြင်ပတွင်လည်း ကျင်းပ နိုင်သည်။

### ဘုတ်အဖွဲ့အစည်းအဝေး ကျင်းပခြင်း

၁၂၅။ ဒါရိုက်တာများသည် မိမိတို့သင့်လျော်သည်ဟု ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရေးအတွက် အတူတကွ စည်းဝေးနိုင်၍ မိမိတို့၏ အစည်းအဝေးများကို ရွှေ့ဆိုင်းခြင်းနှင့် အခြားနည်းဖြင့် သတ်မှတ်လျက် အစည်းအဝေးများ ပြုလုပ်နိုင်သည်။ မည်သည့် အစည်းအဝေးတွင်မဆို ပေါ်ပေါက်လာသော ပြဿနာများကို တက်ရောက်သူ ဒါရိုက်တာတစ်ဦးလျှင် တစ်မဲစနစ်ကျင့်သုံးလျက် မဲများရာဖြင့် ဆုံးဖြတ်ရမည်။ ထိုသို့ ဆုံးဖြတ်ရာ၌ မဲအရေအတွက်ခြင်း တူညီ နေသည့်ကိစ္စရပ်၌ ဥက္ကဋ္ဌသည် ဒုတိယ သို့မဟုတ် ဆုံးဖြတ်မဲ ပေးပိုင်ခွင့်ရှိရမည်။ မည်သည့် အချိန်၌မဆို ဒါရိုက်တာတစ်ဦးဦး၏ တောင်းဆိုချက်အရ ဘုတ်အစည်းအဝေးကို ဘုတ်အဖွဲ့၏ သဘောတူလက်ခံသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် ခေါ်ယူကျင်းပနိုင်သည်။

## ဘုတ်အဖွဲ့အစည်းအဝေးကျင်းပရန် အကြောင်းကြားခြင်း

၁၂၆။ ဘုတ်အဖွဲ့၏ အစည်းအဝေးတိုင်းအတွက် အကြောင်းကြားစာကို ဒါရိုက်တာတိုင်းကို ပေးပို့ အကြောင်းကြားရမည်ဖြစ်ပြီး၊ ထိုသို့ ပေးပို့ရန် ပျက်ကွက်ခြင်း သို့မဟုတ် လက်ခံရရှိမှု မရှိခြင်းကြောင့် အစည်းအဝေး ကျင်းပခြင်းကို တရားမဝင် ပျက်ပြယ်စေခြင်းမရှိစေရ။

## ဒါရိုက်တာနေရာလစ်လပ်နေသော်ငြားလည်း ဘုတ်အဖွဲ့က ဆက်လက်ဆောင်ရွက်နိုင်ခြင်း

၁၂၇။ ဆက်လက် ဆောင်ရွက်နေသော ဘုတ်အဖွဲ့သည် မိမိတို့ ဘုတ်အဖွဲ့ဝင် လစ်လပ်ခြင်း တစ်ခုခု ရှိစေကာမူ ဘုတ်အဖွဲ့အနေဖြင့် ဆောင်ရွက်နိုင်သည်။ သို့ရာတွင် ထိုသူတို့၏ဦးရေကို ဘုတ်အဖွဲ့၏ အစည်းအဝေး အထမြောက်စေရန် ဦးရေအဖြစ်ဖြင့် ဤစည်းမျဉ်းက သတ်မှတ်ထားသော သို့မဟုတ် စည်းမျဉ်းကို လိုက်နာရသော ဦးရေအောက် လျော့နေလျှင် လည်းကောင်း၊ လျော့နေသမျှ ကာလပတ်လုံးလည်းကောင်း၊ ဆက်လက် ဆောင်ရွက်နေသော ဘုတ်အဖွဲ့သည် အဆိုပါဦးရေ အထိ ဘုတ်အဖွဲ့ဝင် ဦးရေကို တိုးမြှင့်ခြင်း သို့မဟုတ် ကုမ္ပဏီ အထွေထွေအစည်းအဝေးတစ်ရပ် ခေါ်ဆို ခြင်းအလို့ငှာ ဆောင်ရွက်နိုင်သည်။ အခြားကိစ္စအလို့ငှာ ဆောင်ရွက်ခွင့်မရှိ။

## ဘုတ်အဖွဲ့အစည်းအဝေးထမြောက်ရန် အနည်းဆုံး လိုအပ်သောဦးရေ

၁၂၈။ ဒါရိုက်တာများ၏ လုပ်ငန်းဆောင်ရွက်မှု အစည်းအဝေး အထမြောက်စေရေးအတွက် လိုအပ်သော ဦးရေသည် ဘုတ်အဖွဲ့ဝင်ဦးရေ၏ ၅၀% ထက်ကျော်လွန်ရမည်။

၁၂၉။ ဘုတ်အဖွဲ့အစည်းအဝေးအစတွင် အနည်းဆုံးလိုအပ်သောဦးရေပြည့် တက်ရောက်ပါက ဒါရိုက်တာ တစ်ဦးက အစည်းအဝေးနောက်ပိုင်း တက်ရောက်ရန် ပျက်ကွက်ခြင်း၊ အကြောင်းတစ်ခုခုကြောင့် မဲမပေးဘဲနေခြင်း ရှိသော်လည်း အစည်းအဝေးတစ်လျှောက်လုံးတွင် အနည်းဆုံး ဦးရေပြည့် တက်ရောက်ကြောင်း မှတ်ယူမည်ဖြစ်သည်။

၁၃၀။ ဘုတ်အဖွဲ့သည် မိမိတို့၏ အစည်းအဝေးသဘာပတိကို ရွေးချယ်ရမည့်အပြင် ထိုရာထူး လက်ရှိ ထားရန်ဖြစ်သော ကာလအပိုင်းအခြားကို သတ်မှတ်ရမည်။ သို့ရာတွင် အဆိုပါ သဘာပတိကို ရွေးချယ်ထားသည်မဟုတ်လျှင် သို့မဟုတ် အစည်းအဝေးတစ်ခုခုတွင် ကျင်းပရန် သတ်မှတ် ထားသည့်အချိန်ရောက်ရှိပြီး (၁၀) မိနစ်အတွင်း သဘာပတိအဖြစ် ဆောင်ရွက်ရန် မရောက်လျှင်၊ တက်ရောက်သော ဒါရိုက်တာများသည် ၎င်းတို့အထဲမှ အလှည့်ကျသဘာပတိကို အစည်းအဝေး၏ သဘာပတိအဖြစ် ရွေးချယ်စေရမည်။

## ဘုတ်အဖွဲ့အစည်းအဝေးသည် အခွင့်အာဏာအားလုံးကို ကျင့်သုံးရန် အခွင့်ရှိသည်

၁၃၁။ အနည်းဆုံးဦးရေပြည့် တက်ရောက်ပါက ဘုတ်အဖွဲ့အစည်းအဝေးသည် ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အရ ဘုတ်အဖွဲ့ ကျင့်သုံးဆောင်ရွက်နိုင်သော အခွင့်အာဏာ လုပ်ပိုင်ခွင့်နှင့် ဆင်ခြင်ဆုံးဖြတ်နိုင်ခွင့် တို့ကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

## ဘုတ်အဖွဲ့အစည်းအဝေး ဥက္ကဋ္ဌ

၁၃၂။ ဘုတ်အဖွဲ့သည် အစည်းအဝေးတွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို ရွေးချယ်တင်မြှောက်နိုင်ပြီး ယင်းတို့၏ သက်တမ်းကိုလည်းသတ်မှတ်ပေးရမည်။ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌတို့ကို ရွေးချယ်

တင်မြှောက်ထားခြင်း မရှိခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ထားသည့် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့သည် အစည်းအဝေးကျင်းပရန် သတ်မှတ်သည့်အချိန် နောက်ပိုင်း (၃၀) မိနစ်အတွင်း အစည်းအဝေးသို့ တက်ရောက်လာခြင်းမရှိက တက်ရောက်လာသည့် ဘုတ်အဖွဲ့က ၎င်းတို့အထဲမှ ဒါရိုက်တာတစ်ဦးဦးကို ဥက္ကဋ္ဌအဖြစ် တင်မြှောက်ရမည်။

## မဲအများစုဖြင့် ဆုံးဖြတ်ရမည့် ကိစ္စရပ်များ

၁၃၃။ ဘုတ်အဖွဲ့အစည်းအဝေးတွင် တင်ပြလာသော မေးခွန်းများ၊ အဆိုပြုဆုံးဖြတ်ချက်များကို တက်ရောက်လာသည့် ဘုတ်အဖွဲ့၏ မဲအများစုဖြင့် ဆုံးဖြတ်ရန်ဖြစ်ပြီး ပေးသည့် မဲအရေအတွက် တူညီနေပါက ဥက္ကဋ္ဌသည် ဒါရိုက်တာအဖြစ် မဲပေးပိုင်ခွင့်ရှိသည့်အတိုင်း အဆုံးအဖြတ်မဲကို ပေးရမည်။

## ဆုံးဖြတ်ချက်ကို စာဖြင့်ရေးသားခြင်း

၁၃၄။ ဘုတ်အဖွဲ့က ဆုံးဖြတ်ချက်ကို အတည်ပြုပြီးနောက် အတွင်းရေးမှူး သို့မဟုတ် ဘုတ်အဖွဲ့မှ တာဝန်ပေးအပ်ခံထားသည့် ပုဂ္ဂိုလ်မှ မှတ်တမ်းတင် လက်မှတ်ရေးထိုး၍ ဆုံးဖြတ်ချက်ကို ထုတ်ပြန်ရမည်။

၁၃၅။ ဘုတ်အဖွဲ့အစည်းအဝေး ကျင်းပခြင်းမရှိသည့်အချိန်တွင် ဆုံးဖြတ်ချက်အတွက် မဲပေးခွင့်ရှိသည့် ဘုတ်အဖွဲ့ဝင်အားလုံးက စာရွက်စာတမ်းတွင် ဖော်ပြထားသော ဆုံးဖြတ်ချက်ကို ထောက်ခံကြောင်း စာရွက်စာတမ်းတွင် လက်မှတ်ရေးထိုးကာ ဆုံးဖြတ်ချက်ကို ထုတ်ပြန်နိုင်သည်။ ထိုစာရွက်စာတမ်း၏ မိတ္တူနှင့် သတင်းအချက်အလက်များ ပူးတွဲဖော်ပြ၍ ဘုတ်အဖွဲ့ဝင်အားလုံးသို့ လက်မှတ်ရေးထိုးရန် ဖြန့်ဝေရမည်။ ဘုတ်အဖွဲ့ဝင်အားလုံးက လက်မှတ်ရေးထိုးပြီးချိန်တွင် ဆုံးဖြတ်ချက် ချမှတ်လိုက်သည်ဟု မှတ်ယူရမည်။

## ကော်မတီ၏လုပ်ပိုင်ခွင့်နှင့် အစည်းအဝေးများ

၁၃၆။ ဘုတ်အဖွဲ့၏ မည်သည့်ကော်မတီမဆိုသည် ဘုတ်အဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ယင်းကို လွှဲအပ်သော လုပ်ပိုင်ခွင့်၊ အာဏာနှင့် ဆင်ခြင်ဆုံးဖြတ်ပိုင်ခွင့်တို့ကို ကျင့်သုံးရမည်။

၁၃၇။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ဘုတ်အဖွဲ့၏ အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်သမျှ ပြဋ္ဌာန်းချက်များ အကျုံးဝင်စေလျက် ဘုတ်အဖွဲ့၏ ညွှန်ကြားချက်များက အစားထိုးခြင်းမရှိသည်မှအပ ဒါရိုက်တာနှစ်ဦး သို့မဟုတ် နှစ်ဦး ထက်ပို၍ ပါဝင်သော ဘုတ်အဖွဲ့၏ ကော်မတီအစည်းအဝေးများ၊ လုပ်ငန်းဆောင်ရွက်ခြင်းများကို လွှမ်းမိုးမှုမရှိစေရ။

## ဘုတ်အဖွဲ့၏ဆောင်ရွက်ချက် တရားဝင်ခြင်း

၁၃၈။ ဘုတ်အဖွဲ့၏ဆောင်ရွက်ချက်၊ ဘုတ်အဖွဲ့၏ကော်မတီတစ်ခု၏ ဆောင်ရွက်ချက်၊ ဒါရိုက်တာအဖြစ် ပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်ချက်သည် နောက်ပိုင်းတွင် ဒါရိုက်တာကို သို့မဟုတ် တစ်ဦးဦးကို ဒါရိုက်တာအဖြစ် ခန့်ထားခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းတွင် ချွတ်ယွင်းချက်များ ရှိကြောင်းနှင့် ဒါရိုက်တာသည် အရည်အချင်း ပျက်ယွင်းကြောင်း၊ ရာထူးလစ်လပ်နေကြောင်း၊ မဲပေးခွင့် ဆောင်ရွက်ခွင့် မရှိကြောင်း တွေ့ရှိရစေကာမူ တရားဝင်သည်။

## ကုမ္ပဏီသည် ရာနှုန်းပြည့် ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီဖြစ်ပါက

၁၃၉။ ကုမ္ပဏီသည် ရာနှုန်းပြည့်ပိုင်ဆိုင်သည့် လက်အောက်ခံကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင်-

(က) ဒါရိုက်တာတစ်ဦးချင်းစီသည် ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ဆောင်ရွက်ရန် အခွင့်အာဏာရှိသည်။

(ခ) ဒါရိုက်တာတစ်ဦးသည် အောက်ပါအတိုင်း ပြုလုပ်ပါက ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် သဘောရိုးဖြင့် ဆောင်ရွက်သည်ဟု မှတ်ယူရမည်-

(၁) ကုမ္ပဏီ၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်းအပြင်။

(၂) ဒါရိုက်တာသည် ဆောင်ရွက်ချက်များ ပြုလုပ်နေချိန်တွင် ကုမ္ပဏီသည် လူမွဲခံခြင်း မဖြစ်ဘဲ ဒါရိုက်တာ၏ဆောင်ရွက်ချက်ကြောင့် ကုမ္ပဏီသည်လူမွဲမဖြစ်ခြင်း။

# အခန်း (၁၉)

## အတွင်းရေးမှူး

၁၄၀။ ဘုတ်အဖွဲ့သည် ဥပဒေနှင့်အညီ အတွင်းရေးမှူးတစ်ဦး (သို့မဟုတ်) အများ ခန့်ထားနိုင်သည်။ ဘုတ်အဖွဲ့သည် မည်သူ့ကိုမဆို-

(က) ကုမ္ပဏီ၏ အတွင်းရေးမှူးတာဝန်များကို ဆောင်ရွက်စေရန် ယာယီခန့်ထားနိုင်သည်။

(ခ) ကုမ္ပဏီ၏ လက်ထောက်အတွင်းရေးမှူးအဖြစ် ခန့်ထားနိုင်သည်။

၁၄၁။ အတွင်းရေးမှူးသည် ဘုတ်အဖွဲ့ ဆုံးဖြတ်သတ်မှတ်သည့်အတိုင်း ရာထူးသက်တမ်း ကာလ (အခကြေးငွေ အပါအဝင်) လုပ်ပိုင်ခွင့်၊ အခွင့်အာဏာ၊ တာဝန်များအတိုင်း ဆောင်ရွက်ရမည်။ ထိုသို့ လုပ်ပိုင်ခွင့် အခွင့်အာဏာနှင့် လုပ်ငန်းဆောင်ရွက်ခြင်းများကို ဘုတ်အဖွဲ့၏ ကွပ်ကဲမှုအတိုင်း ဆောင်ရွက်ရမည်။ အတွင်းရေးမှူးကို ဘုတ်အဖွဲ့က ဖယ်ရှားနိုင်သည်။

## **အခန်း (၂၀)**

## **ရုံးတံဆိပ်တုံး**

၁၄၂။ ကုမ္ပဏီ၏တံဆိပ်ကို ဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းဖြင့်၊ ဒါရိုက်တာ (၁)ဦး နှင့် အတွင်းရေးမှူး သို့မဟုတ် ဒါရိုက်တာ အနည်းဆုံး (၂)ဦး သို့မဟုတ် ယင်းကိစ္စအလို့ငှာ ဘုတ်အဖွဲ့က ခန့်ထားသော အခြား ပုဂ္ဂိုလ်ရှေ့မှောက်တွင်မှလွဲ၍ မည်သည့် စာချုပ်စာတမ်းတစ်ခုခုတွင်မျှ ခတ်နှိပ်ခြင်း မပြုရ။ ဖော်ပြပါ ဒါရိုက်တာ (၁)ဦး နှင့် အတွင်းရေးမှူး သို့မဟုတ် ဒါရိုက်တာ (၂)ဦး သို့မဟုတ် အဆိုပါ အခြားပုဂ္ဂိုလ်တို့သည် မိမိတို့၏ ရှေ့မှောက်တွင် ကုမ္ပဏီတံဆိပ် ကို ခတ်နှိပ်ထားသော စာချုပ်စာတမ်းတိုင်းတွင် မိမိတို့ ရှေ့မှောက်၌ ခတ်နှိပ်ကြောင်း လက်မှတ်ရေးထိုးရမည်။

## အခန်း (၂၁)

## ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်း

### ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊ စာရင်းစာအုပ်များနှင့် ငွေစာရင်းများ

၁၄၃။ ဘုတ်အဖွဲ့သည် ဥပဒေပုဒ်မ-၂၅၈ အရ အောက်ပါတို့နှင့်စပ်လျဉ်း၍ လျော်ကန်သင့်မြတ်သော ငွေစာရင်းစာအုပ်များ ထားရှိစေရမည်-

(က) ကုမ္ပဏီက ရရှိသော ငွေများအားလုံးနှင့် သုံးစွဲသည့် ငွေများအားလုံး၊ ထို့ပြင် ရရှိခြင်းနှင့် သုံးစွဲခြင်းအတွက် ဖြစ်ပေါ်လာသည်နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအားလုံး။

(ခ) ကုမ္ပဏီက ကုမ္ပဏီပစ္စည်းများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းအားလုံး။

(ဂ) ကုမ္ပဏီ၏ ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ။

(ဃ) ဤဥပဒေအရ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေအရ သတ်မှတ်ဖော်ပြထားသည့် ငွေကြေးဆိုင်ရာ အခြားကိစ္စရပ်များ။

၁၄၄။ ဘဏ္ဍာရေးဆိုင်ရာမှတ်တမ်းများကို ကုမ္ပဏီ၏မှတ်ပုံတင်ရုံးတွင်ဖြစ်စေ၊ ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်ယူဆသော အခြားနေရာတွင်ဖြစ်စေ ထားရှိ၍ အလုပ်ချိန်အတွင်း ဒါရိုက်တာများ စစ်ဆေးကြည့်ရှုနိုင်ရန်အတွက် အသင့်ရှိစေရမည်။

၁၄၅။ ဘဏ္ဍာရေးရှင်းတမ်းကို နှစ်စဉ်ရေးဆွဲလျက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးသို့ တင်သွင်းပြရမည့်အပြင် ဘဏ္ဍာရေးရှင်းတမ်းသည် အဆိုပါ အစည်းအဝေးကျင်းပမည့်နေ့မှ (၉)လထက် မစောသော ကာလအထိ ဖြစ်စေရမည်။ ဘဏ္ဍာရေးရှင်းတမ်းများကို ကုမ္ပဏီ၏စာရင်းစစ်က စစ်ဆေးဆောင်ရွက်ရမည်ဖြစ်ပြီး စာရင်းစစ်အစီရင်ခံစာကို ယင်းရှင်းတမ်းနှင့်အတူ ပူးတွဲတင်ပြရမည် သို့မဟုတ် အစီရင်ခံစာပါ ရည်ညွှန်းချက်များကို ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်း၏ အောက်ခြေတွင် ထည့်သွင်းဖော်ပြရမည်။ ထိုအစီရင်ခံစာအား ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ကုမ္ပဏီတွင် ပါဝင်သူအစုရှင်များက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ထားရှိရမည်။

### ဘဏ္ဍာရေးအစီရင်ခံစာ ပေးပို့ခြင်း

၁၄၆။ ကုမ္ပဏီသည် စာရင်းစစ်ဆေးထားပြီးဖြစ်သော ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၏ မိတ္တူတစ်စောင်ကို စာရင်းစစ်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်အတူ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ လိပ်စာ များသို့ အစည်းအဝေးဖိတ်ကြားစာဖြင့် ပူးတွဲလျက် ပေးပို့ရမည်။ ယင်းတို့၏ မိတ္တူတစ်စောင်ကို အစည်းအဝေးမကျင်းပမီ အနည်းဆုံး (၂၁)ရက် ကြိုတင်၍ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များက စစ်ဆေးကြည့်ရှုနိုင်စေရန်အတွက် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် ထားရှိမည်။ ထို့ပြင် ပါဝင်သူ အစုရှင်များသို့ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများကို အီလက်ထရောနစ်နည်းဖြင့်လည်း ပေးပို့နိုင်ကြောင်း သတ်မှတ်နိုင်သည်။

**ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဒါရိုက်တာများ၏အစီရင်ခံစာ**

၁၄၇။ ဥပဒေအရ လိုအပ်၍ဖြစ်စေ၊ ဘုတ်အဖွဲ့က ထိုသို့ ဆုံးဖြတ်သတ်မှတ်၍ဖြစ်စေ၊ ကုမ္ပဏီသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအစီရင်ခံစာနှင့် ဒါရိုက်တာများ၏ အစီရင်ခံစာကို သက်ဆိုင်ရာ ဥပဒေများနှင့်အညီပြုစုရမည်။

**စာရင်းစစ်ခန့်အပ်ခြင်း နှင့်စာရင်းစစ်ခြင်း**

၁၄၈။ ဥပဒေ ပုဒ်မ ၂၇၉ နှင့် ၂၈၀ သို့မဟုတ် အချိန်ကာလအလိုက် အာဏာ သက်ရောက်လျက်ရှိသော ပြုပြင်ပြောင်းလဲပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းစစ်များကို ခန့်ထားရမည့်အပြင် ၎င်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားရမည်။

၁၄၉။ စာရင်းစစ်များသည် မည်သည့်အထွေထွေအစည်းအဝေးကိုမဆို တက်ရောက်ရန် ပါဝင်သူ အစုရှင်တစ်ဦးအနေနှင့် လက်ခံရပိုင်ခွင့်ရှိသည့် နို့တစ်စာများနှင့် အခြားဆက်သွယ်မှုများ အားလုံးကို လက်ခံရရှိရန်နှင့် အထွေထွေအစည်းအဝေးတစ်ရပ်တွင် ၎င်းနှင့်ပတ်သက်သော အစည်းအဝေး ကိစ္စ၏ မည်သည့် အပိုင်းကိုမဆို ကြားနာခွင့်ရှိသည်။

၁၅၀။ ဘုတ်အဖွဲ့သည် လိုအပ်သည်ဟု ယူဆပါက ကုမ္ပဏီ၏ ငွေစာရင်းများနှင့်စာအုပ်များကို စစ်ဆေးရန် ဌာနအတွင်း စာရင်းစစ်ကော်မတီကို ဘုတ်အဖွဲ့ဝင် အနည်းဆုံး (၃) ဦး ပါဝင်သောအဖွဲ့ ဖွဲ့စည်း၍ ဆောင်ရွက်နိုင်သည်။

၁၅၁။ ဥပဒေ လိုအပ်ချက်အရဖြစ်စေ၊ ဘုတ်အဖွဲ့၏ သဘောတူ ဆုံးဖြတ်ချက်အရဖြစ်စေ သတ်မှတ်သည့် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ကိုခန့်အပ်ရာတွင်-

(က) စာရင်းစစ်ကို သက်ဆိုင်ရာ ဥပဒေနှင့်အညီ ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း ပြုလုပ်ရမည်။

(ခ) စာရင်းစစ်အတွက်အခကြေးငွေကို ဘုတ်အဖွဲ့၏သဘောတူညီချက်အပေါ်တွင် ကုမ္ပဏီက သတ်မှတ်ပေးရမည်။

(ဂ) အဆိုပါဘဏ္ဍာရေးနှစ်အတွက် ကုမ္ပဏီ၏ဘဏ္ဍာရေးအစီရင်ခံစာကို စာရင်းစစ်က သက်ဆိုင်ရာ ဥပဒေနှင့်အညီ စာရင်းစစ်ဆေးရမည်။

## အခန်း (၂၂)

## အမြတ်ဝေစုများ၊ သီးသန့်ရန်ပုံငွေနှင့် အခြားခွဲဝေခြင်းများ

၁၅၂။ ကုမ္ပဏီသည် အထွေထွေအစည်းအဝေးတွင် အမြတ်ဝေစုများကို ကြေငြာနိုင်သည်။ သို့ရာတွင် ဘုတ်အဖွဲ့က ထောက်ခံသော ပမာဏထက်မည်သည့် အမြတ်ဝေစုကမျှ မပိုစေရ။

၁၅၃။ ဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ အမြတ်အစွန်းများဖြင့် ဘုတ်အဖွဲ့က မျှတသည်ဟု ယူဆသော အဆိုပါ ကြားဖြတ်အမြတ်ဝေစုများကို အခါအားလျော်စွာ ပါဝင်သူ အစုရှင်များသို့ ပေးနိုင်သည်။

၁၅၄။ အမြတ်ဝေစုကို ထိုနှစ်အမြတ်အစွန်းနှင့် ခွဲဝေမပေးရသေးသော အခြားအမြတ်အစွန်းထဲမှ တစ်ပါး အခြား ငွေကြေးများထဲမှ ခွဲဝေမပေးရ။

၁၅၅။ ဘုတ်အဖွဲ့သည် မည်သည့်အမြတ်ဝေစုကိုမဆို မထောက်ခံမီ ကုမ္ပဏီ၏ အမြတ်အစွန်းများထဲမှ မိမိတို့သင့်လျော်မည်ဟု ထင်မြင်သောငွေကို သီးသန့်ရန်ပုံငွေတစ်ရပ် သို့မဟုတ် သီးသန့်ရန်ပုံငွေ များအဖြစ် ဖယ်ထုတ်လျက် ဒါရိုက်တာများ၏သဘောအတိုင်း မမျှော်လင့်သော အသုံးစရိတ် အတွက် ဖြစ်စေ၊ အမြတ်ဝေစု ညီမျှရေးအတွက်ဖြစ်စေ၊ ကုမ္ပဏီ၏ အမြတ်အစွန်းကို မှန်ကန်စွာ အသုံးပြုနိုင်သော အခြားမည်သည့် ကြံရွယ်ချက်အတွက်မဆို ဖြစ်စေအသုံးပြုရမည်။ ထိုသို့ အသုံး ချခြင်းမပြုမီ ငွေများကိုဒါရိုက်တာများသည်အလားတူသဘောအတိုင်း ကုမ္ပဏီ၏လုပ်ငန်းတွင် သုံးစွဲခြင်း သို့မဟုတ် အခါအားလျော်စွာ သင့်လျော်သည်ထင်မြင်သော (ကုမ္ပဏီ အစုရှယ်ယာ များမှလွဲ၍) ငွေရင်းမြှုပ်နှံခြင်း လုပ်ငန်းများတွင် ငွေရင်းမြှုပ်နှံနိုင်သည်။ နှစ်စဉ် အထွေထွေ အစည်းအဝေးက ဘုတ်အဖွဲ့၏ထောက်ခံချက်ဖြင့် ယင်းအစည်းအဝေးနေ့တွင် မှတ်ပုံတင်ထားပြီး ဖြစ်သော အစုရှင်တို့အား ထိုကဲ့သို့သော သီးသန့်ငွေထဲမှ မိမိတို့ အစုပါဝင်ထားသော အချိုးအတိုင်း ==ဆု++အစုရှယ်ယာများထုတ်ပေးရန် အတည်ပြုနိုင်သည်။

၁၅၆။ မည်သည့်အစုရှယ်ယာ၏ ပူးတွဲပိုင်ဆိုင်သူများအဖြစ်ဖြင့် တစ်ဦးထက်ပိုသောသူများကို မှတ်ပုံတင် ထားသည်ဖြစ်လျှင်၊ အစုရှယ်ယာများအပေါ်တွင် ပေးရမည်ဖြစ်သော မည်သည့် အမြတ်ဝေစု အတွက်မဆို အကျိုးသက်ရောက်သော လက်ခံပြေစာများကို အဆိုပါသူတို့အနက် တစ်ဦးဦးကို ပေးနိုင်သည်။

၁၅၇။ ကြေညာခြင်းပြုခဲ့ပြီးသော အမြတ်ဝေစုဆိုင်ရာ နို့တစ်စာကို နောက်တွင် ဖော်ပြထားသည့် နည်းလမ်း အတိုင်း အစုရှယ်ယာများတွင် ပါရှိသော ရပိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

**အမြတ်ဝေစုခွဲရန် လုပ်ပိုင်ခွင့်ကို ဘုတ်အဖွဲ့တွင် အပ်နှင်းထားခြင်း**

၁၅၈။ (က) ဥပဒေ ပုဒ်မ ၁၀၇ နှင့် ၁၀၉ တို့အရ ဘုတ်အဖွဲ့သည် အမြတ်ဝေစုများ (ကြားဖြတ် အမြတ်ဝေစု အပါအဝင်) ကိုပေးရန် ဆုံးဖြတ်နိုင်ပြီး ပမာဏ၊ အချိန်နှင့်အမြတ်ဝေစု မည်သို့ ခွဲဝေမည်ကိုလည်း သတ်မှတ်နိုင်သည်။

(ခ) အမြတ်ဝေစုပေးချေရမည့် နည်းလမ်းများတွင် ငွေသားဖြင့်ဖြစ်စေ၊ အစုရှယ်ယာထုတ်ဝေခြင်းဖြင့်ဖြစ်စေ၊ အော့ပ်ရှင် (option) ပြုခြင်းဖြင့်ဖြစ်စေ၊ ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်းများ ပါဝင်နိုင်သည်။

(ဂ) အမြတ်ဝေစုအား သတ်မှတ်ခြင်းကို ကုမ္ပဏီမှ ပေးချေရမည့် ကြွေးမြီအဖြစ် မမှတ်ယူရ။ အဆိုပါသတ်မှတ်ချက်ကို အမြတ်ဝေစု ပေးချေခြင်း မပြုမီ မည်သည့်အချိန်တွင်မဆို ပြန်လည် ရုတ်သိမ်းနိုင်သည်။ ကြွေးမြီတင်ရှိခြင်းသည် ငွေပေးချေရန် သတ်မှတ်ထားသည့် အချိန်မှသာ ကျရောက်သည်။

**အမြတ်ဝေစုအမျိုးအစား**

၁၅၉။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ အစုရှယ်ယာအမျိုးအစားအတွက် စည်းနှောင်မှုရှိသော ပူးတွဲပါဝင်သောအခွင့်အရေးနှင့် ကန့်သတ်ချက်များ၊ ဥပဒေတို့ကိုအထောက်အထားပြု၍၊ အမြတ်ဝေစုများကို ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များအား ပိုင်ဆိုင်သည့် အစုရှယ်ယာအလိုက် အချိုးကျ ခွဲဝေပေးရန် ဖြစ်သည်။

**ခွဲဝေနိုင်သော ပစ္စည်းများနှင့်ခွဲဝေပေးခြင်း**

၁၆၀။ သက်ဆိုင်ရာဥပဒေများကို အထောက်အထားပြု၍လိုက်နာလျက်၊ ဘုတ်အဖွဲ့သည် အမြတ်ဝေစုများ သို့မဟုတ်အခြားခွဲဝေခြင်းများကို သတ်မှတ်ပစ္စည်းများနှင့်ခွဲဝေခြင်းဖြင့် တစ်ရပ်လုံးသော်လည်းကောင်း တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း (ပေးချေပြီးအစုရှယ်ယာများ၊ ဒီဘင်ချာ ငွေချေးလက်မှတ်များ သို့မဟုတ် ဤကုမ္ပဏီ၏ သို့မဟုတ် အခြားကုမ္ပဏီ၏ ငွေချေးသက်သေခံ လက်မှတ်များ၊ ယုံမှတ်အပ်နှံသည့် အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့တွင် ပါဝင်သော ငွေချေးသက်သေခံလက်မှတ်များဖြင့်သော်လည်းကောင်း ပေးချေရန်) ဆုံးဖြတ်ပေးနိုင်သည်။

၁၆၁။ ကုမ္ပဏီတွင်ပါဝင်သူအစုရှင် တစ်ဦးချင်းစီသည် ကုမ္ပဏီ၏ သို့မဟုတ် အခြားကုမ္ပဏီ၏ အစုရှယ်ယာများ၊ ဒီဘင်ချာငွေချေးလက်မှတ်များ သို့မဟုတ် အခြားငွေချေးသက်သေခံ လက်မှတ်များ အပါအဝင် အပိုဒ်-၁၇၇ အရ မည်သည့်ပစ္စည်းကိုမဆို ၎င်းတို့အား ခွဲဝေပေးခြင်းကို သဘောတူ လက်ခံရမည်။

**ဒါရိုက်တာ၏ ဆင်ခြင်ဆုံးဖြတ်မှု**

၁၆၂။ ပစ္စည်းများ၊ ရပိုင်ခွင့်များ တန်ဖိုးဖြတ်ခြင်း အပါအဝင် အမြတ်ဝေစု သို့မဟုတ် အခြားခွဲဝေခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်အားလုံးကို ဘုတ်အဖွဲ့မှ ဆုံးဖြတ်သတ်မှတ်မည်ဖြစ်ပြီး ဘုတ်အဖွဲ့သည် အောက်ပါဆောင်ရွက်ချက်များကိုပြုလုပ်နိုင်သည်-

(က) အမြတ်ဝေစုများ/အခြားခွဲဝေခြင်းများနှင့် ပတ်သက်သည့် အခက်အခဲများ၊ အငြင်းပွားမှုများ၊ သို့မဟုတ် အခြားကိစ္စများတို့ကို ဖြေရှင်းနိုင်သည်။

(ခ) ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ခွဲဝေခြင်းပြုရာတွင် တန်ဖိုး သတ်မှတ်ပေးနိုင်သည်။

(ဂ) ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များထံ သို့မဟုတ် ၄င်း၏ညွှန်ကြားချက်အရ သတ်မှတ်တန်ဖိုး အပေါ် အခြေပြု၍ ငွေဖြင့်ပေးချေခြင်းပြုရန် ဆုံးဖြတ်နိုင်သည်။

(ဃ) ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များအတွက် ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်ကို ယုံမှတ်အပ်နှံ လက်ခံမည့်သူထံ အပ်နှံပေးခြင်းပြုနိုင်သည်။

**<u>ကုမ္ပဏီသည် အတိုးငွေပေးရန် မလိုအပ်ခြင်း</u>**

၁၆၃။ အမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများအတွက် အတိုးငွေကို ကုမ္ပဏီအနေဖြင့်ပေးရန် မလိုအပ်ပါ။ ကုမ္ပဏီသည် အချို့သော အမြတ်ဝေစုများနှင့် ခွဲဝေပေးခြင်းများကို ထိန်းသိမ်း ထားနိုင်သည်။

**<u>ကုမ္ပဏီသည် အမြတ်ဝေစုနှင့် ခွဲဝေပေးခြင်း ထိန်းသိမ်းထားရှိနိုင်ခြင်း</u>**

၁၆၄။ ဥပဒေအရ အစုရှယ်ယာများ တစ်ဆင့်လွှဲအပ်ခြင်းကြောင့် တစ်ဦးဦးက ပိုင်ဆိုင်ထိုက်သော အစုရှယ်ယာ နှင့် သက်ဆိုင်သော အမြတ်ဝေစုများနှင့် အခြားခွဲဝေပေးခြင်းများကို သတ်မှတ်ထားသည့် လွှဲပြောင်း လက်ခံသူကို ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်အဖြစ် မှတ်ပုံတင်စာရင်းသွင်းခြင်း မပြုရသေးသည့် အချိန်ထိ ကုမ္ပဏီက ထိန်းသိမ်းထားနိုင်သည်။

**<u>ကုမ္ပဏီသည် ပေးချေရန် ငွေကြေးပမာဏကို လျှော့ချဖြတ်တောက်နိုင်သည်</u>**

၁၆၅။ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်မှ ပေးရန်ရှိသော အမြတ်ဝေစုများကိုလည်းကောင်း၊ အခြားခွဲဝေ ပေးခြင်းများကို လည်းကောင်း တောင်းခံမှု သို့မဟုတ် အခြားနည်းဖြင့် ဆောင်ရွက်ခြင်းကြောင့် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်မှ ကုမ္ပဏီသို့ ပေးရန်ရှိသော ပမာဏများမှ လျှော့ချဖြတ်တောက်နိုင် သည်။

**<u>ပေးချေခြင်း</u>**

၁၆၆။ ကုမ္ပဏီသည် အစုရှယ်ယာနှင့်စပ်လျဉ်း၍ ပေးရန်ရှိသောပမာဏ၊ အမြတ်ဝေစုနှင့် အခြားနည်း ခွဲဝေပေးခြင်းတို့ကို ဘုတ်အဖွဲ့က ဆုံးဖြတ်သည့်နည်းဖြင့် ပေးချေနိုင်သည်။

**<u>တောင်းဆိုခြင်းမရှိသည့် ခွဲဝေခြင်းများ</u>**

၁၆၇။ ဥပဒေအရ အခြားနည်းပြဋ္ဌာန်းထားသည့် အခါမှတစ်ပါး ကုမ္ပဏီတွင် ပါဝင်သူအစုရှင်များသို့ ပေးရန် ဆုံးဖြတ်ကြေညာပြီးနောက် တစ်နှစ်အတွင်း တောင်းဆိုခြင်းမရှိသည့် အမြတ်ဝေစုများနှင့် အခြား နည်း ခွဲဝေပေးခြင်းကို တောင်းဆိုလာသည့်အချိန်အထိ ဘုတ်အဖွဲ့မှ ဆုံးဖြတ်သည့်အတိုင်း ကုမ္ပဏီသည် ရင်းနှီးမြှုပ်နှံခြင်း သို့မဟုတ် အခြားနည်း အသုံးပြုခြင်း ပြုလုပ်နိုင်သည်။

## အခန်း (၂၃)

## ဖျက်သိမ်းခြင်း

### ပိုလျှံသည်များကို ခွဲဝေခြင်း

၁၆၈။ ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ ဥပဒေနှင့် အစုရှယ်ယာအမျိုးအစားတို့အတွက် ပူးတွဲထားသော စည်းနှောင်မှုရှိသည့် အခွင့်အရေးများနှင့် ကန့်သတ်ထားခြင်းများကို အထောက်အထားပြု၍ -

(က) ကုမ္ပဏီကို ဖျက်သိမ်းရာတွင် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များအား ခွဲဝေရနိုင်သော မည်သည့် ပစ္စည်းရပိုင်ခွင့်ကိုမဆို အစုရှယ်ယာအပေါ် ပေးချေပြီးပမာဏ သို့မဟုတ် ပေးထားပြီးဟု မှတ်ယူထားသော ငွေကြေးတန်ဖိုးပမာဏကို (မစဉ်းစားဘဲ) ပိုင်ဆိုင်ထားသော အစုရှယ်ယာ အရေအတွက် အချိုးအစားအလိုက် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များအကြား ခွဲဝေပေးရမည်။

(ခ) ကုမ္ပဏီကို ဖျက်သိမ်းရာတွင် ကုမ္ပဏီတွင်ပါဝင်သူ အစုရှင်များသို့ ခွဲဝေနိုင်သောပစ္စည်း သို့မဟုတ် ရပိုင်ခွင့်ကို ဆုံးဖြတ်ရာတွင် အစုရှယ်ယာအတွက် ပေးချေခြင်းမရှိသေးသော ပမာဏသည် ကုမ္ပဏီပိုင်ပစ္စည်း သို့မဟုတ် ရပိုင်ခွင့်အဖြစ် ပြုမူသတ်မှတ်သည်။

(ဂ) ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များသို့ ခွဲဝေရနိုင်သော ပစ္စည်းနှင့် ရပိုင်ခွင့်ပမာဏကို ခွဲဝေပေးရာတွင် အစုရှယ်ယာအတွက် တစ်စိတ်တစ်ပိုင်းသာ ပေးချေထားသည့် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်ထံ ခွဲဝေပေးသည့် နေ့ရက်တွင် ထိုအစုရှယ်ယာအတွက် မပေးချေရသေးသော ပမာဏကို နုတ်ပယ်ရမည်။

(ဃ) အပိုဒ်-၁၈၅ (ဂ) အရ နုတ်ပယ်ခြင်းသည် တစ်စိတ်တစ်ပိုင်းသာ ပေးရသေးသည့် အစုရှယ်ယာ၏ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်သို့ ခွဲဝေပေးရာတွင် မပေးချေရသေးသော ပမာဏကို နုတ်ပယ်ပြီး လက်ကျန် ပေးချေရန်ရှိသည့် ပမာဏကို ထိုအစုရှယ်ယာရှင်သည် ကုမ္ပဏီသို့ ပေးရမည်။

၁၆၉။ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့် ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန် အလို့ငှာ အဆိုပါ ငွေကြေး ထည့်ဝင်မှု ပြုလုပ်ရန် လိုအပ်ကြောင်း တရားရုံးက ယူဆခြင်းမရှိလျှင် ဒါရိုက်တာတစ်ဦးသည် ထိုငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

## အခန်း (၂၄)

## ထိန်းသိမ်းထားရှိရမည့် အစည်းအဝေးမှတ်တမ်းနှင့်မှတ်ပုံတင်စာရင်းများ

### အစည်းအဝေးမှတ်တမ်း

၁၇၀။ ကုမ္ပဏီသည် ယင်း၏မှတ်တမ်းစာအုပ်တွင် အောက်ပါတို့ကို ဖြည့်သွင်းရမည်-

(က) သက်ဆိုင်သည့် အစည်းအဝေးကျင်းပပြီး ၂၁ ရက်အတွင်း၊ အောက်ဖော်ပြပါ အသေးစိပ်အချက်များ ပါဝင်သော အစည်းအဝေးမှတ်တမ်း-

(၁) ဘုတ်အဖွဲ့၏အစည်းအဝေးနှင့် ဘုတ်အဖွဲ့၏ကော်မတီ အစည်းအဝေးတို့တွင် အစည်းအဝေး တက်ရောက်သည့် ဒါရိုက်တာများ၏အမည်များ။

(၂) အခန်း-၁၇ အရ မည်သည့်ဒါရိုက်တာကမဆို ပြုလုပ်သည့် ကြေညာချက်အားလုံးနှင့် ပေးသည့် အကြောင်းကြားစာများ။

(ခ) အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီက ချမှတ်သော ဆုံးဖြတ်ချက်များ။

(ဂ) အစည်းအဝေး ကျင်းပခြင်းမရှိဘဲ လှည့်လည်စာဖြင့် ဘုတ်အဖွဲ့က ချမှတ်သော ဆုံးဖြတ်ချက်များ။

### အစည်းအဝေးမှတ်တမ်းများတွင် ဥက္ကဋ္ဌက လက်မှတ်ရေးထိုးရခြင်း

၁၇၁။ အထွေထွေအစည်းအဝေးများ၊ ဘုတ်အဖွဲ့၏အစည်းအဝေးများ၊ ဘုတ်အဖွဲ့၏ ကော်မတီ အစည်းအဝေးများ၏ အစည်းအဝေးမှတ်တမ်းတွင် အစည်းအဝေးဥက္ကဋ္ဌ သို့မဟုတ် နောက်နောင် ကျင်းပသည့် အစည်းအဝေး ဥက္ကဋ္ဌ သို့မဟုတ် အခြားအခွင့်အာဏာရှိ ဒါရိုက်တာတို့က အစည်းအဝေးပြီးနောက် သင့်တော်သော အချိန်တွင် လက်မှတ်ရေးထိုးရမည်။ ထိုသို့ လက်မှတ်ရေးထိုးခြင်းသည် အစည်းအဝေးမှတ်တမ်းတွင် ဖော်ပြသော အကြောင်းအရာများ အမှန်တကယ် ဆောင်ရွက်ခဲ့ကြောင်း သက်သေထင်ရှားစေသည်။

### မှတ်ပုံတင်စာရင်းများ

၁၇၂။ ကုမ္ပဏီသည် ကုမ္ပဏီတွင် ပါဝင်သူ အစုရှင်များ၏ မှတ်ပုံတင်စာရင်းနှင့် ဥပဒေအရ ထိန်းသိမ်းထားရှိရန် လိုအပ်သော အခြားမှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိရမည်။

## အခန်း(၂၅)

## မှတ်တမ်းမှတ်ရာများကို ကြည့်ရှုစစ်ဆေးခြင်း

၁၇၃။ ဥပဒေကိုအထောက်အထားပြု၍ လိုက်နာလျက်၊ ဘုတ်အဖွဲ့သည် ကုမ္ပဏီ၏ စာရွက်စာတမ်းများ နှင့် မှတ်တမ်းမှတ်ရာများကိုပါဝင်သူအစုရှင်များက သင့်လျော်သော အခကြေးငွေပေး၍ ကြည့်ရှုစစ်ဆေးနိုင်ရန် မည်သည့် အတိုင်းအတာထိ ဖွင့်လှစ်ပြသမည်ကို ဆုံးဖြတ်နိုင်သည်။ ဤအခန်း-၂၆ သည် ဥပဒေအရ သို့မဟုတ် ကုမ္ပဏီနှင့် သဘောတူညီချက်အရ ကုမ္ပဏီတွင် ပါဝင်သူ အစုရှင် တစ်ဦး သို့မဟုတ် ဒါရိုက်တာတစ်ဦး သို့မဟုတ် ဒါရိုက်တာဟောင်းတစ်ဦး၏ အခွင့်အရေးကို ကန့်သတ်ခြင်း မရှိပါ။

## အခန်း (၂၆)

## အကြောင်းကြားခြင်း (နို့တစ်စာများ)

**နို့တစ်စာများ**

၁၇၄။ (က) နို့တစ်စာတစ်စောင်ကို ကုမ္ပဏီက မည်သည့် ပါဝင်သူအစုရှင်ထံသို့မဆို လူပုဂ္ဂိုလ်အားဖြင့် ဖြစ်စေ၊ ထိုသူ၏ ကုမ္ပဏီတွင် မှတ်ပုံတင်ထားသော လိပ်စာသို့ စာတိုက်မှတစ်ဆင့် ပေးပို့ခြင်းဖြင့်ဖြစ်စေ ပေးပို့နိုင်သည် သို့မဟုတ် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်လိပ်စာမရှိလျှင်) ထိုသို့နို့တစ်စာချအပ်ရန်အလို့ငှာ ပေးထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လိပ်စာရရှိလျှင် ယင်းလိပ်စာသို့ ပေးပို့နိုင်သည်။

(ခ) နို့တစ်စာကို စာတိုက်၊ တဲလက်စ် ဖက်စ် သို့မဟုတ် အီလက်ထရောနစ်စနစ်ဖြင့် ပေးပို့သည့်အခါ နို့တစ်စာ တစ်စောင်ကို လိပ်စာမှန်ကန်စွာတပ်၍ စာတိုက်ခ အပြည့်အဝ ကြိုတင်ပေးဆောင်ပြီး ပေးပို့ရမည်။ ထိုလိပ်စာရှင်သည် စာတိုက်၏ သာမန် လုပ်ငန်းဆောင်တာအားဖြင့် ရသင့်ရထိုက်သောနေ့တွင် နို့တစ်စာကို လက်ခံရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၇၅။ အကယ်၍ ပါဝင်သူ အစုရှင်တစ်ဦးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်သည့် လိပ်စာလည်း မရှိသည့်အပြင် နို့တစ်စာချရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လိပ်စာကိုလည်း ကုမ္ပဏီသို့ တင်သွင်းထားခြင်းမရှိလျှင် ကုမ္ပဏီမှတ်ပုံတင်ရုံး တည်ရှိရာဒေသတွင် ထုတ်ဝေလျက်ရှိသော သတင်းစာ (၁) စောင်တွင် ထိုသူ၏အမည်နာမည်ဖြင့် နို့တစ်စာ ကြေငြာလိုက်ခြင်းသည် သတင်းစာတွင် ထိုကြေညာပါလာသည့်နေ့တွင် ထိုသူသို့ နို့တစ်စာ ချအပ်ပြီးဖြစ်သည်ဟု မှတ်ယူစေရမည်။

၁၇၆။ အစုရှယ်ယာတစ်စုကို ပူးတွဲပိုင်ဆိုင်သူများသို့ ကုမ္ပဏီက နို့တစ်စာချမှတ်ရာ၌ ကုမ္ပဏီ၏ မှတ်ပုံတင်စာရင်းတွင် ယင်းအစုရှယ်ယာနှင့်စပ်လျဉ်း၍ ထိပ်ဆုံးမှ အမည်ဖော်ပြပါရှိသူ ပူးတွဲပိုင်ရှင်အား နို့တစ်စာ ပေးပို့ခြင်း ပြုလုပ်နိုင်သည်။

၁၇၇။ ကုမ္ပဏီမှ နို့တစ်စာ ချအပ်ရာတွင် ပါဝင်သူ အစုရှင်တစ်ဦး ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲဖြစ်ခြင်းကြောင့် ပိုင်ဆိုင်ခွင့်ရှိလာသူများသို့ လိပ်မူ၍ စာတိုက်အခ ကြိုတင်ပေးချေပြီး စာတိုက်မှတစ်ဆင့် ပေးပို့ခြင်းဖြင့်ဖြစ်စေ အဆိုပါ ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲဖြစ်ခြင်းကို အကြောင်းပြု၍ ပိုင်ဆိုင်မှုကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်များထံသို့ဖြစ်စေ ဖော်ပြပါ အကြောင်းချင်းရာများနှင့် အလားတူတို့က ယင်းကိစ္စအလို့ငှာ ထိုသို့ ပိုင်ဆိုင်မှုရှိကြောင်း အကြောင်းကြားပေးပို့ထားသော ပုဂ္ဂိုလ်များ၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ လိပ်စာ (ရှိလျှင်) ထံသို့ဖြစ်စေ (အဆိုပါ

လိပ်စာပေးပို့လာပြီးသည့်တိုင်) ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲကြေညာခြင်း မခံရဘိသကဲ့သို့ပင် နို့တစ်စာ ချမှတ်ရမည့် နည်းလမ်းအတိုင်း နို့တစ်စာကို ကုမ္ပဏီက ပေးပို့နိုင်သည်။

၁၇၈။ အထွေထွေအစည်းအဝေးတိုင်းအတွက် နို့တစ်စာများကို အထက်တွင် ဖော်ပြပြီး လုပ်ထုံးလုပ်နည်းများက အာဏာအပ်နှင်းထားသည့်အတိုင်း ချအပ်ရမည်၊

(က) နို့တစ်စာ ချအပ်ရန်အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ လိပ်စာကို တင်သွင်းခြင်း မရှိသေးသော ပါဝင်သူ အစုရှင် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်ပြီး လိပ်စာမရှိသူ) မှတစ်ပါး ကျန်ပါဝင်သူ အစုရှင်တိုင်းကို နို့တစ်စာ ချအပ်ပေးရမည်။

(ခ) ပါဝင်သူ အစုရှင်တစ်ဦး ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲသတ်မှတ်ခံရခြင်းကြောင့် အစုရှယ်ယာအပေါ် ပိုင်ဆိုင်ခွင့်ရှိလာသူ ပုဂ္ဂိုလ်တိုင်းထံသို့လည်း ပေးပို့ရမည်။ သို့သော် ထိုသို့ ကွယ်လွန်ခြင်း သို့မဟုတ် လူမွဲဖြစ်ခြင်းသည် အကျုံးဝင် အတည်ပြုပြီးမှသာလျှင် ယင်းပုဂ္ဂိုလ်များသည် အစည်းအဝေး နို့တစ်စာရခွင့် ရှိစေရမည်။ အခြားမည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ အထွေထွေအစည်းအဝေးများ၏ နို့တစ်စာများကို လက်ခံရယူပိုင်ခွင့်မရှိစေရ။

## အခန်း (၂၇)

## လျော်ကြေး

၁၇၉။ ကုမ္ပဏီ၏ ဒါရိုက်တာနှင့် အခိုက်အတန့်အားဖြင့် အခြားအရာရှိအသီးသီးသည် မိမိတို့၏တာဝန်များကို ဆောင်ရွက်ရာ၌ ပဏာမလုပ်ငန်းစဉ်များအတွက် အစိုးရနှင့် ဒေသအာဏာပိုင်များထံမှ ခွင့်ပြုချက်များ၊ ခံစားခွင့်များကို ရယူရာတွင် မိမိကျခံခဲ့ရသည့် ဆုံးရှုံးငွေများနှင့် ကုန်ကျစရိတ်ငွေများအတွက် မိမိ၏တမင်သက်သက်ပြုမူမှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်သည့်ကိစ္စ မဟုတ်လျှင် ကုမ္ပဏီ၏ ရန်ပုံငွေများထဲမှ လျော်ကြေးရထိုက်ခွင့်ရှိစေရမည်။ ထို့ပြင် ထိုသူအသီးသီးသည် ကုမ္ပဏီ၏ လုပ်ငန်းကိစ္စ ဆောင်ရွက်ရာ၌ မိမိအမှန်တကယ် ထုတ်ပေးရသည့်ငွေ သို့မဟုတ် ပစ္စည်းအတွက်သာလျှင် တောင်းခံနိုင်စေရမည်။ ထိုသူအသီးသီးသည် မိမိတို့၏ မရိုးမသား ရည်ရွယ်ချက်ဖြင့် ပြုမူမှုများ၊ ပေါ့လျော့မှုများ သို့မဟုတ် ပျက်ကွက်မှုများအတွက်သာလျှင် တာဝန်ရှိစေရမည်။ အခြားသူများ၏ ပြုမူမှုများ၊ ပေါ့လျော့မှုများ သို့မဟုတ် ပျက်ကွက်မှုများအတွက်ဖြစ်စေ၊ ငွေများ ရင်းနှီးမြှုပ်နှံရာ၌ ရယူထားသည့် အာမခံ မလုံလောက်ခြင်း သို့မဟုတ် ရယူထားသည့် ကိုယ်ပိုင်ပစ္စည်း သို့မဟုတ် ပစ္စည်း၏ ပိုင်ဆိုင်မှု မလုံလောက်ခြင်း အတွက်ဖြစ်စေ၊ မိမိတာဝန်များကို ဆောင်ရွက်ရာ၌ ဖြစ်ပွားနိုင်သည့် ဆုံးရှုံးမှု၊ သို့မဟုတ် ပျက်စီးမှုအတွက်ဖြစ်စေ၊ ယင်းကိစ္စများသည် မိမိ၏ တမင်သက်သက် ပေါ့လျော့မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် မဟုတ်လျှင် တာဝန်မရှိစေရ။




MAGDPL

MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေး
အများပိုင်ကုမ္ပဏီလီမိတက် (MAGDPL)

# ဖွဲ့စည်းပုံ အခြေခံ စည်းမျဉ်း